မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၅၁ ]  ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက် ( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် ) } သောကြာနေ့ [ အတွဲ ၆၇

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၆၇/၂၀၁၄**

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်

( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးအတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကြည်မင်းအား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၂၄/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် )

**စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် တာဝန်မှ အနားယူခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁၂ နှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၉ တို့ပါ ပြဋ္ဌာန်းချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစန်းကိုအား ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်မှစ၍ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**[ ယခင်အပတ် ပြည်ထောင်စုလွှတ်တော်ရုံး အမိန့်ကြော်ငြာစာအမှတ် (၁၀၃/၂၀၁၄) ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေ (မူကြမ်း) မှအဆက် ]**

## မဖြစ်မနေ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၁၀၉။ (က) အောက်ပါ အကြောင်းအချက်များမှ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍တည်ရှိနေလျှင်၊ ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခုအား ဗဟိုဘဏ်က မဖြစ်မနေရပ်စဲခြင်း သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းပြုနိုင်သည် -

(၁) ဘဏ်လိုင်စင်ရ အဖွဲ့အစည်းသည် မြန်မာနိုင်ငံအတွင်း ပေးချေရန် စေ့ရောက်သည့် ငွေရေးကြေးရေးပေးဆပ်ရန် တာဝန်များကို ပြန်လည်မပေးဆပ်နိုင်လျှင်၊

(၂) ဘဏ်လုပ်ငန်း၏ မတည်ငွေရင်းသည် ဤဥပဒေအရ ဘဏ်လိုင်စင်ရအဖွဲ့အစည်းက ထိန်းသိမ်းထားရသည့် အနည်းဆုံးမတည်ငွေရင်း၏ ထက်ဝက်အောက်လျော့နည်းနေသည်ဟု ဗဟိုဘဏ်က သတ်မှတ်ဆုံးဖြတ်လျှင်၊

(၃) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ရရန်ပိုင်ခွင့်တန်ဖိုးသည် ကြွေးမြီတန်ဖိုး သို့မဟုတ် ပေးဆပ်နိုင်စွမ်းမရှိသော ကြွေးမြီအောက်လျော့နည်းနေသည်ဟု ဗဟိုဘဏ်က သတ်မှတ်ဆုံးဖြတ်လျှင်၊

(၄) ပုဒ်မ ၉၃ အရ ခန့်ထားသည့် အုပ်ချုပ်သူက ဘဏ်လိုင်စင်ရ အဖွဲ့အစည်းအား စာရင်းရှင်းလင်းဖျက်သိမ်းရန် အကြံပြုလျှင်။

(ခ) ဤအခန်း၏ ရည်ရွယ်ချက်များအလို့ငှာ -

(၁) ဗဟိုဘဏ်က လက်ခံနိုင်သော သို့မဟုတ် ဗဟိုဘဏ်က စည်းမျဉ်းများအရ သတ်မှတ်ထားသော စံနှုန်းများနှင့်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ မတည်ငွေရင်းအား သတ်မှတ်ရမည်၊

(၂) ဗဟိုဘဏ်က လက်ခံနိုင်သော သို့မဟုတ် ဗဟိုဘဏ်က စည်းမျဉ်းများအရ သတ်မှတ်ထားသော စံနှုန်းများနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဘဏ်လိုင်စင်ရ အဖွဲ့အစည်းတစ်ခု သို့မဟုတ် ၎င်း၏ရုံးခွဲတစ်ခုအတွက် ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ၏ တန်ဖိုးအား သတ်မှတ်ပေးရမည်။

(၃) အနာဂတ်ကာလတစ်ခုအတွက် ဘဏ်လိုင်စင်ရ အဖွဲ့အစည်းတစ်ခု၏ ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ၏ တန်ဖိုးအား သတ်မှတ်ပေးရာတွင် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ကျိုးကြောင်းညီညွတ်စွာခန့်မှန်းထားသည့် အနာဂတ်ဝင်ငွေနှင့် အသုံးစရိတ်များအား ထိုကာလတိုင်သည်အထိ ထည့်သွင်းတွက်ချက်ရမည်။

## စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ကိစ္စရပ်များတွင် ပိုင်ရှင်များ၏ ကိုယ်စားလှယ်

၁၁၀။ ဤပုဒ်မတွင် ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများ၏ ရည်ရွယ်ချက်အလို့ငှာ ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခု၏ ပိုင်ရှင်များကို ကိုယ်စားပြုသည့် ကိုယ်စားလှယ်တစ်ဦးမှာ -

(က) နိုင်ငံတော်အစိုးရပိုင် ကော်ပိုရေးရှင်းမဟုတ်သည့် ပြည်တွင်းဘဏ်လိုင်စင်ရ အဖွဲ့အစည်းတစ်ခုအတွက် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ပိုင်ရှင်မှ ပိုင်ရှင်၏ကိုယ်စားလှယ်အဖြစ် အခြားပုဂ္ဂိုလ်တစ်ဦးအား ခန့်အပ်မထားသရွေ့ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌရုံးခန်းအား ထိန်းသိမ်းထားသည့်ပုဂ္ဂိုလ် သို့မဟုတ် ၎င်း၏ အခွင့်အာဏာအပ်နှင်းထားသည့် ကိုယ်စားလှယ်ဖြစ်သည်။

(ခ) နိုင်ငံတော်အစိုးရပိုင်ကော်ပိုရေးရှင်းဖြစ်သည့် ပြည်တွင်းဘဏ်လိုင်စင်ရ အဖွဲ့အစည်းတစ်ခုအတွက် အစိုးရအဖွဲ့ သို့မဟုတ် ၎င်း၏အခွင့်အာဏာအပ်နှင်းခြင်းခံရသော ကိုယ်စားလှယ်ဖြစ်သည်။

(ဂ) နိုင်ငံခြားဘဏ်လိုင်စင်ရ အဖွဲ့အစည်းတစ်ခု၏ လက်အောက်ခံ သို့မဟုတ် ရုံးခွဲတစ်ခုအတွက် နိုင်ငံခြားဘဏ်လိုင်စင်ရ အဖွဲ့အစည်း၏ အမှုဆောင်အရာရှိချုပ် သို့မဟုတ် ၎င်း၏လက်ထောက် ဖြစ်သည်။

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်းစတင်ရန်အတွက် လျှောက်ထားခြင်း**

၁၁၁။ (က) ဗဟိုဘဏ်သည် ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခုအပေါ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်ရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်သို့ လျှောက်ထား နိုင်သည်။

(ခ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခုအပေါ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းစတင်ရန် လျှောက်လွှာတွင် အောက်ပါအကြောင်းအရာများဖော်ပြ၍ တရားလွှတ်တော်၏ ခွင့်ပြုချက် ရယူရမည် -

(၁) ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် အုပ်ချုပ်သူအောက်တွင်ရှိနေပြီး၊ အုပ်ချုပ်သူက ဘဏ်လိုင်စင်ရအဖွဲ့အစည်းအား စာရင်းရှင်းလင်းဖျက်သိမ်းသင့်ကြောင်း အကြံပြုထားသည့် သက်သေခံအထောက်အထား၊ သို့မဟုတ် မြန်မာနိုင်ငံအတွင်းရှိ ဘဏ်လိုင်စင်ရအဖွဲ့ အစည်း၏ လုပ်ငန်းအား ပုဒ်မ ၈၆ အရ ဆိုင်းငံ့ထားသည်ဟု ပြသသည့်သက်သေခံ အထောက်အထား၊

(၂) ငွေရေးကြေးရေးအဖွဲ့အစည်း၏ စာရင်းစစ်မှစစ်ဆေးအတည်ပြုထားသည့် ဘဏ်လိုင်စင်ရ အဖွဲ့အစည်း၏ ငွေရေးကြေးရေးရှင်းတမ်းများ၏မိတ္တူများ သို့မဟုတ် ပုဒ်မ ၁၀၉ အရ မဖြစ်မနေ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်ရန်အတွက် အခြေခံရမည့်အကြောင်း အရင်းတစ်ခု သို့မဟုတ် တစ်ခုထက်ပိုကြောင်း အခြားသက်သေခံ အထောက်အထား။

**လျှောက်ထားခြင်းအား ပယ်ချခြင်း**

၁၁၂။ ဘဏ်လိုင်စင်ရအဖွဲ့အစည်း စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအား စတင်ရန်အတွက် အဖွဲ့အစည်း အပေါ် လျှောက်ထားသည့်စာသည် အောက်ပါအကြောင်းတစ်ရပ်ရပ်နှင့် ငြိစွန်းလျှင် တရားလွှတ်တော်က ပယ်ချရမည် -

(က) ပုဒ်မ ၁၀၉၊ ပုဒ်မခွဲ (က) နှင့် သက်ဆိုင်သည့်အကြောင်းအချက်များ မပါရှိခြင်း၊

(ခ) လျှောက်လွှာအား ပုဒ်မ ၁၁၁၊ ပုဒ်မခွဲ (ခ)အရ လိုအပ်သောအထောက်အထားများ ပူးတွဲတင်ပြမှု မရှိခြင်း၊

(ဂ) လျှောက်လွှာအား အထောက်အပံ့ပြုသည့်အနေဖြင့် တရားလွှတ်တော်သို့တင်သွင်းသည့် သက်သေ အထောက်အထားသည် မှားယွင်းကြောင်းထင်ရှားခြင်း သို့မဟုတ် တိကျခိုင်မာမှုမရှိခြင်းနှင့် ဥပဒေ အရ လိုအပ်ချက်များအား လျှောက်လွှာက မဖြည့်ဆည်းပေးနိုင်သည့် သက်သေခံချက်မျိုး ဖြစ်နေခြင်း၊

(ဃ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းအတွက် ပိုင်ရှင်၏ကိုယ်စားလှယ်သည် ဗဟိုဘဏ်၏သဘောတူညီချက်ဖြင့် ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခုအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်ဆောင်ရွက်နိုင်ရန် အတွက် လုံလောက်သောငွေကြေးရန်ပုံငွေကို ဘဏ်လိုင်စင်ရအဖွဲ့အစည်းအနေဖြင့် ချက်ချင်း ရရှိနိုင်စေသည့် မတည်ငွေရင်းအနေဖြင့် ရရှိနိုင်ကြောင်း ပြသနိုင်ခြင်း၊

(င) လျှောက်လွှာသည် နိုင်ငံတော်အစိုးရပိုင် ပြည်တွင်းဘဏ်လိုင်စင်ရ အဖွဲ့အစည်းတစ်ခုအတွက် ဖြစ်ပါက ဘဏ်လိုင်စင်ရ အဖွဲ့အစည်း၏ ပေးရန်တာဝန်များအားလုံးကို ပေးချေမည်ဖြစ်ကြောင်း စာဖြင့်ရေးသားထားသည့် အာမခံစာကို တင်ပြခြင်း၊

(စ) လျှောက်လွှာသည် ဥပဒေ၏ အခြားသော လိုအပ်ချက်တစ်ရပ်ရပ်ကို မဖြည့်ဆည်းနိုင်ခြင်း။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိခန့်အပ်ခြင်း**

၁၁၃။ ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခုအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းစတင်ရန် ယင်း၏ဆုံးဖြတ်ချက်အရ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်သည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဗဟိုဘဏ်ကိုဖြစ်စေ၊ ဗဟိုဘဏ်က ၎င်းကိုယ်စားဆောင်ရွက်ရန် အမည်စာရင်းပေးသည့် ပုဂ္ဂိုလ်တစ်ဦးသို့မဟုတ် ပုဂ္ဂိုလ်များကိုဖြစ်စေ ခန့်အပ်ရမည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ တာဝန်ထမ်းဆောင်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ**

၁၁၄။ (က) သင့်မြတ်လျော်ကန်သည့် ပုဂ္ဂိုလ်များသာလျှင် ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခုအတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ရန် သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား အစားထိုးခန့်အပ်ရန် ရွေးချယ်ရမည်။

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်၏ဆုံးဖြတ်ချက်အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရာတွင် ၎င်း၏တာဝန်ထမ်းဆောင်မှုနှင့် သက်ဆိုင်သည့်စည်းကမ်းချက်များနှင့် လစာ အခကြေးငွေအား သတ်မှတ်ပေးရမည်။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအတွက် ပေးငွေနှင့် အခြားသောကုန်ကျစရိတ်များအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းတွင် ရရန်ရှိနေသော ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ရရန်ပိုင်ခွင့်များမှ ပေးရမည်။

(ဃ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအတွက် ရရန်ရှိငွေ၊ ပေးရန်ရှိငွေများနှင့် ကုန်ကျစရိတ်များနှင့်အသုံးစရိတ်များအားလုံးသည် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ရရန်ပိုင်ခွင့်ထက်ကျော်လွန်နေပါက ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခု၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ဗဟိုဘဏ်မှကျခံပေးရမည်။

(င) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်း၏ဆောင်ရွက်ချက်များကို ဗဟိုဘဏ်၏ ညွှန်ကြားမှုနှင့် ကြီးကြပ်စစ်ဆေးမှုနှင့် ဗဟိုဘဏ်၏စာဖြင့် ရေးသားထားသော အခြား ညွှန်ကြားချက်များအရ ဆောင်ရွက်ရမည်၊

(စ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်းအားခန့်အပ်ထားသည့် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ကုန်ကျမှုဖြင့် လွတ်လပ်သော အကျိုးဆောင်ကိုယ်စားလှယ်ရှေ့နေများ၊ စာရင်းကိုင်များနှင့် အတိုင်ပင်ခံများအား အဆိုပါစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဗဟိုဘဏ်၏ အတည်ပြုချက်ဖြင့် အလုပ်ခန့်အပ်နိုင်သည်။

(ဆ) အောက်ပါအခြေအနေများတွင် ဗဟိုဘဏ်သည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား အစားထိုးခန့်အပ်ပေးပါရန် တရားလွှတ်တော်သို့ လျှောက်ထားရမည် -

(၁) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် စွမ်းဆောင်ရည်မရှိခြင်း သို့မဟုတ် နုတ်ထွက်ခြင်း သို့မဟုတ် သေဆုံးခြင်း၊

(၂) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်း၏လုပ်ငန်းတာဝန်များအား ဝီရိယပြုကြိုးစားဆောင်ရွက်မှုမရှိဘဲ ပျက်ကွက်ခြင်း၊

(၃) ဗဟိုဘဏ်၏ တင်သွင်းချက်ကို အခြေခံလျက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် သင့်မြတ်လျော်ကန်သည့် ပုဂ္ဂိုလ်မဟုတ်တော့ဟု ဆုံးဖြတ်ခြင်း၊

(၄) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် တာဝန်ထမ်းဆောင်ရန် အရည်အချင်းမပြည့်မီ တော့ခြင်း။

(ဇ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား အစားထိုးသည့်အခါတိုင်း အစားထိုးပုဂ္ဂိုလ်သည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လုပ်ပိုင်ခွင့်များအားလုံးကို ဆက်ခံရမည်ဖြစ်ပြီး စာရင်းရှင်းလင်းဖျက်သိမ်းဆဲ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ကျန်ရှိနေသည့် ရရန်ပိုင်ခွင့်များ၊ မှတ်တမ်းများနှင့် ငွေစာရင်းများအပြင် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့် မှတ်တမ်းများနှင့် ငွေစာရင်းများအား ချက်ချင်းမဆိုင်းမတွ လွှဲပြောင်းရယူရမည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၁၁၅။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ဤဥပဒေနှင့်အညီ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း လုပ်ငန်းစဉ်အား ညွှန်ကြားရမည်ဖြစ်သည့်အပြင် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ရရန်ပိုင်ခွင့် များ၊ စာရင်းရှင်းတမ်းများ၊ စာရင်းစာအုပ်များနှင့် ရုံးခန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(ခ) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ စာရင်းရှင်းလင်းဖျက်သိမ်းမှုအတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ ခန့်အပ်ရာတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ဘဏ်လိုင်စင်ရအဖွဲ့ အစည်း၏ ဥပဒေအရ တစ်ဦးတည်းသော တရားဝင်ကိုယ်စားလှယ်ဖြစ်ပြီး ဘဏ်လိုင်စင်ရအဖွဲ့ အစည်း၏ ရှယ်ယာပိုင်ရှင်များ၏ အခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ၊ ဘဏ်လိုင်စင်ရအဖွဲ့ အစည်းအား လုပ်ငန်းလည်ပတ်ဆောင်ရွက်နိုင်ရန်၊ စာရင်းရှင်းလင်းဖျက်သိမ်းနိုင်ရန်နှင့် သင့်လျော်သလို စီမံခန့်ခွဲနိုင်ရန်တို့အပြင် လိုအပ်သည့် အခွင့်အာဏာများအပါအဝင် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အရာရှိများနှင့် ဒါရိုက်တာအဖွဲ့ကို ဆက်ခံရမည်။

(ဂ) ပုဒ်မခွဲ (ခ) တွင် ဖော်ပြထားသော ယေဘုယျအချက်များအား ကန့်သတ်မှုမရှိစေဘဲ စာရင်း ရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အခန်း (၁၄) တွင် ဖော်ပြထားသော သက်ဆိုင်ရာ ပြဋ္ဌာန်း ချက်များနှင့်အညီ စာရင်းရှင်းလင်းနေသော ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ အားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း အခြားဘဏ်လိုင်စင်ရအဖွဲ့အစည်းသို့ အပ်နှင်းရန် တရားလွှတ်တော်သို့ တောင်းဆိုနိုင်သည်။

(ဃ) ဤအခန်းတွင်ဖော်ပြထားသော ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခုအား စာရင်းရှင်းလင်း ဖျက်သိမ်းရာတွင် အကူအညီပေးနိုင်ရန် မည်သည့်လုပ်ငန်းကျွမ်းကျင်သူကိုမဆို ခန့်ထား နိုင်သည်။

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်အကျိုးသက်ရောက်ခြင်း**

၁၁၆။ (က) တရားလွှတ်တော်မှ ဘဏ်လိုင်စင်ရအဖွဲ့အစည်းအား စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ချက် ချမှတ်သည့် အချိန်မှစတင်၍ ဘဏ်လိုင်စင်ရအဖွဲ့အစည်းအား စာရင်းရှင်းလင်းဖျက်သိမ်းရန် စတင်ဆောင်ရွက်ရမည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအမိန့် စတင်အာဏာသက်ရောက်ပြီးနောက်ပိုင်းမှစ၍ စာရင်း ရှင်းလင်းဖျက်သိမ်းရေးအရာရှိကိုယ်တိုင် သို့မဟုတ် ယင်း၏အခွင့်အာဏာဖြင့် ဆောင်ရွက်ခြင်းမှ တစ်ပါး ဘဏ်လိုင်စင်ရအဖွဲ့အစည်းကိုယ်စား သို့မဟုတ် ဘဏ်လိုင်စင်ရအဖွဲ့အစည်းကိုယ်တိုင် ဆောင်ရွက်ချက်များသည် တရားမဝင်ပျက်ပြယ်မည်။

(ဂ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းအပေါ် လက်ရှိတရားစွဲဆိုမှုများအားလုံးကို ရပ်တန့်ထားရမည်ဖြစ်ပြီး တရားရုံး၏ခွင့်ပြုချက်နှင့် တရားရုံးမှချမှတ်ထားသည့် စည်းကမ်းချက်များအားလိုက်နာရန်မှအပ ဆုံးဖြတ်ချက် စတင်အကျိုးသက်ရောက်ပြီးနောက်ပိုင်း ဘဏ်လိုင်စင်ရအဖွဲ့အစည်းအပေါ် တရားစွဲဆိုမှု မပြုလုပ်ရ။

(ဃ) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအမိန့်အရ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ မြီရှင်များ သို့မဟုတ် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ရရန်ပိုင်ခွင့်များအပေါ် ကန့်သတ်ချက်များနှင့် စပ်လျဉ်းသည့် အကောင်အထည်ဖော်မှုအတွက်ကြောင့် ထားရှိသည့် ဆက်စပ်မှုများ သို့မဟုတ် လက်ဝယ်ထားရှိမှုများကို ဥပဒေအရသာ ဖယ်ရှားရမည်။

(င) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအမိန့်ချမှတ်ပြီးနောက် ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခု၏ ပေးရန်တာဝန်များအပေါ် မည်သည့်အတိုးနှင့် အခြားကုန်ကျစရိတ်များပေးရန် မရှိစေရ။

(စ) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအမိန့် ဆုံးဖြတ်ချက်ချမှတ်ပြီးနောက် ဗဟိုဘဏ်၏ ကြိုတင်သဘောတူညီချက်ဖြင့် လွှဲပြောင်းပေးခြင်းမှအပ လူမွဲစာရင်းခံယူသော ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခု၏ ရှယ်ယာလွှဲပြောင်းခြင်းများသည် ပျက်ပြယ်စေရမည်။

(ဆ) အကယ်၍ ဘဏ်လိုင်စင်ရအဖွဲ့အစည်းနှင့် ၎င်း၏မိတ်ဖက်အဖွဲ့အစည်းများက ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ မြီရှင်များ၏ အကျိုးစီးပွားပျက်စီးစေနိုင်သော ဆောင်ရွက်ချက်များကို သိရှိပြီးဖြစ်စေ၊ သိရှိသင့်ပြီးသည့်အချိန်မှစ၍ဖြစ်စေ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအမိန့်မချမှတ်မီ ရက်ပေါင်း ၆၀ အတွင်း ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဆောင်ရွက်ချက်များ အပါအဝင် သို့သော် ကန့်သတ်မထားဘဲ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဥပဒေအရ ဆောင်ရွက်ချက်များအားလုံးသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက လျှောက်ထားလာပါက ပျက်ပြယ်ကြောင်း ဗဟိုဘဏ်က ကြေညာရမည်။

(ဇ) အောက်ဖော်ပြပါအချက်များတွင် ပါဝင်သည့် မည်သည့်ပြုလုပ်ချက်ကိုမဆို အထက်ပုဒ်မခွဲငယ် (ဆ) တွင် အကျုံးဝင်သည့် အကြောင်းခြင်းရာအဖြစ် မှတ်ယူရမည် -

(၁) ပုဂ္ဂိုလ်တစ်ဦးဦးသို့ မေတ္တာဖြင့်ပေးခြင်း သို့မဟုတ် အခြားနည်းဖြင့် လွှဲပြောင်းခြင်း၊

(၂) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ပိုင်ရှင်အားလည်းကောင်း၊ အုပ်ချုပ်သူအားလည်းကောင်း၊ ဝန်ထမ်းအားလည်းကောင်း ငွေပေးအပ်ခြင်း၊ လွှဲပြောင်းခြင်းပြုရာတွင် ဝန်ထမ်း၏အလုပ် သို့မဟုတ် ယင်းအဖွဲ့အစည်းတွင်ထားရှိသော ငွေစာရင်းနှင့်စပ်လျဉ်း၍ပေးခြင်း၊ ဖြစ်ကြောင်းကိုလည်း ဝန်ထမ်းအနေဖြင့် ၎င်းကဲ့သို့ ငွေပေးအပ်ခြင်း၊ လွှဲပြောင်းခြင်း တရားလွတ်တော်ကျေနပ်မှုရှိအောင် ဖြေရှင်းနိုင်ခြင်းမရှိသော ငွေပေးအပ်ခြင်းနှင့် လွှဲပြောင်းခြင်းများသည် အဖွဲ့အစည်း၏ မြီရှင်၏ အကျိုးစီးပွားပျက်စီးနိုင်သည်ကို မသိရှိခြင်း၊

(၃) ပေးအပ်ရမည့်နေ့မတိုင်မီ ငွေပေးအပ်ခြင်း၊ လွှဲပြောင်းခြင်း သို့တည်းမဟုတ် ကြွေးမြီပေးဆပ်ရမည့် နေ့မတိုင်မီ ကြွေးမြီအတွက် အာမခံပစ္စည်းလွှဲပြောင်းပေးခြင်း၊

(၄) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ စာချုပ်ချုပ်ဆိုခြင်း၊ ရပ်စဲခြင်းအပေါ်တွင် စည်းကြပ်သော တာဝန်ဝတ္တရားများသည် အခြားစာချုပ်ဝင် သို့မဟုတ် စာချုပ်ဝင်များအပေါ်တွင် စည်းကြပ်သော တာဝန်ဝတ္တရားများထက်ပို၍ တင်းကျပ်ခြင်း၊

(၅) ပုဒ်မ ၁၂၄ တွင် ဖော်ပြထားသော သင့်တင့်လျောက်ပတ်သော ငွေကြေးဆိုင်ရာ စာချုပ်စာတမ်းမှအပ ဘဏ်လိုင်စင်ရအဖွဲ့အစည်းနှင့် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အဖွဲ့အစည်းကြား သဘောတူညီချက်တစ်ခုပြုလုပ်ရာတွင် စာရင်းရှင်းလင်းလုပ်ငန်းဖျက်သိမ်းခြင်း

အမိန့် မချမှတ်မီအချိန်တွင် ခွင့်ပြုချက်မလိုအပ်ဘဲ ထိုကဲ့သို့သော အဖွဲ့အစည်း၏ ရရန်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကြားတွင် ခုနှိမ်ခြင်း။

(၆) နိုင်ငံခြားဘဏ်၏ ပြည်တွင်းဘဏ်ခွဲနှင့် ယင်းကဲ့သို့သောဘဏ်နှင့် ၎င်းဘဏ်ခွဲများ သို့မဟုတ် လက်အောက်ခံဘဏ်ခွဲများအချင်းချင်းကြား လွှဲပြောင်းခြင်း။

**ယုံကြည်အပ်နှံထားသော တာဝန်မှရပ်စဲခြင်း**

၁၁၇။ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း အမိန့်ချမှတ်ပြီးလျှင်ပြီးခြင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အောက်ပါအဆင့်များအလိုက် ပြုလုပ်ဆောင်ရွက်ရမည် -

(က) ယုံကြည်အပ်နှံထားသော လုပ်ပိုင်ခွင့်အတွင်း ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များ အားလုံးကို ရပ်ဆိုင်းရန်၊

(ခ) ယုံကြည်အပ်နှံထားသော လုပ်ပိုင်ခွင့်အတွင်း ဘဏ်လိုင်စင်ရအဖွဲ့အစည်းမှ ထိန်းသိမ်းထားသော ရန်ပုံငွေများ၊ အခြားပိုင်ဆိုင်ပစ္စည်းများအားလုံးကို အမှန်တကယ် ပိုင်ဆိုင်ခွင့်ရှိသူများနှင့် အာမခံထားရှိသူများထံ ပြန်လည်ပေးအပ်ရန်၊

(ဂ) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ယုံကြည်အပ်နှံထားသော ငွေစာရင်းများ စာရင်းရှင်းလင်းပေးရန်။

**လက်ရှိ ချုပ်ဆိုထားသော ပဋိညာဉ်စာချုပ်စာတမ်းများ ရပ်စဲခြင်း**

၁၁၈။ (က) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအမိန့် ချမှတ်ပြီးသည့်နေ့မှစ၍ ခြောက်လအတွင်း သက်ဆိုင်ရာ ပဋိညာဉ်စာချုပ်စာတမ်းများတွင် မည်သို့ပင်ဖော်ပြထားစေကာမူ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် အောက်ပါတို့ကို ရပ်စဲနိုင်သည် -

(၁) ဝန်ထမ်းခန့်ထားခြင်း၊ ငှားရမ်းခြင်းနှင့်စပ်လျဉ်း၍ ဘဏ်လိုင်စင်ရအဖွဲ့အစည်းနှင့် ချုပ်ဆို ထားသော စာချုပ်တစ်ရပ်ရပ်၊

(၂) ဝန်ဆောင်မှုများအတွက် ဘဏ်လိုင်စင်ရအဖွဲ့အစည်းက စာချုပ်ဝင်တစ်ဦးအဖြစ် ပါဝင် ချုပ်ဆိုထားသော စာချုပ်တစ်ရပ်ရပ်၊

(၃) ကုမ္ပဏီမှထုတ်ချေးထားသော ချေးငွေအရ ၎င်း၏ဆောင်ရွက်ပေးရမည့် တာဝန်ဝတ္တရားများ၊ အငှားချထားသည့်အနေဖြင့် ၎င်း၏ဆောင်ရွက်ပေးရမည့် တာဝန်ဝတ္တရားများ၊ ငွေချေး သက်သေခံလက်မှတ်များ ဖြန့်ဖြူးရန် သို့မဟုတ် ဖြန့်ဖြူးခြင်းကို ဆောင်ရွက်ရန် ၎င်း၏ ဆောင်ရွက်ပေးရမည့် တာဝန်ဝတ္တရားများ၊ ငွေလွှဲစာတမ်း ဖွင့်လှစ်ပေးသည့်တာဝန်အရ ၎င်း၏ဆောင်ရွက်ပေးရမည့် တာဝန်ဝတ္တရားများ၊ အာမခံနှင့် အခြားပေးရန်တာဝန် တစ်ရပ်ရပ်အရ ၎င်း၏ ဆောင်ရွက်ပေးရမည့် တာဝန်ဝတ္တရားတစ်ရပ်ရပ်အပါအဝင် သို့သော် ကန့်သတ်မထားဘဲ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဖြည့်ဆည်းဆောင်ရွက်ရမည့် တာဝန်တစ်ရပ်ရပ်။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (ဂ) အရ ငှားရမ်းထားသောစာချုပ်အား ရပ်ဆိုင်းရန် အကြောင်းကြားစာရရှိပြီး ရက်ပေါင်း ၉၀ ကျော်လွန်ပါက ငှားရမ်းခြင်းအတွက်နှင့် ယင်းကဲ့သို့ ရပ်ဆိုင်းရခြင်းကြောင့် ဖြစ်ပေါ်လာသောနစ်နာမှုများနှင့် လျော်ကြေးတောင်းဆိုခွင့် မရှိစေရ။

**နောက်ဆုံးငွေပေးချေခြင်း၊ ရှင်းလင်းခြင်းနှင့် ညှိနှိုင်းဖြေရှင်းခြင်းစနစ်များ**

၁၁၉။ ပုဒ်မ ၁၁၈ တွင် မည်သို့ပင် ဆိုစေကာမူ ဘဏ်လိုင်စင်ရအဖွဲ့အစည်းအပေါ် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းအမိန့် မချမှတ်မီ ပဋိညာဉ်စာချုပ်များနှင့် စီးပွားရေးလုပ်ငန်းများတွင် ကျင့်သုံးလျက်ရှိသော ဥပဒေများ၊ နည်းဥပဒေများသည် ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသော ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှု စနစ်များအပေါ်၌ စည်းနှောင်မှု မရှိစေရ။

**ပိုင်ဆိုင်ပစ္စည်းအစီရင်ခံစာ**

၁၂၀။ (က) ဘဏ်လိုင်စင်ရအဖွဲ့အစည်းအပေါ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း အမိန့်ချမှတ်သည့် အချိန်မှစ၍ တစ်လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အောက်ပါပိုင်ဆိုင် ပစ္စည်းအစီရင်ခံစာအား ဗဟိုဘဏ်သို့ တင်ပြရမည် -

(၁) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ရရန်ပိုင်ခွင့်များ၊ ယင်းရရန်ပိုင်ခွင့်တွင် ဘဏ်လိုင်စင်ရအဖွဲ့ အစည်း၏ မတည်ရင်းနှီးငွေအပေါ် ပေးချေခြင်းမပြုရသေးသော ထည့်ဝင်မှုများ၊ ချေးငွေနှင့် အာမခံသဘောတူစာချုပ်များ၊ အရောင်းအဝယ်စာချုပ်များနှင့် စာအုပ်တန်ဖိုးများနှင့် ရရန်ပိုင်ခွင့်များ၏ ခန့်မှန်းထားသော စာရင်းရှင်းလင်းဖျက်သိမ်းမှုတန်ဖိုးတို့ ပါဝင်သည်။

(၂) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အခြားစာချုပ်ဝင်များပိုင်ဆိုင်သော ပိုင်ဆိုင်ပစ္စည်းဆိုင်ရာ ပဋိညာဉ်များ၊ ဥပမာအားဖြင့် ငှားရမ်းခြင်း၊ အငှားချထားခြင်းနှင့် အာမခံထားသော ပစ္စည်းဆိုင်ရာ သဘောတူစာချုပ်များ၊

(၃) ဘဏ်လိုင်စင်ရအဖွဲ့အစည်းမှ အသုံးပြုသော ဝန်ဆောင်မှုများအတွက် ချုပ်ဆိုသည့် သဘောတူစာချုပ်များ၊

(၄) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအမိန့် ချမှတ်သည့်အချိန်မှစ၍ ရက်ပေါင်း ၆၀ အတွင်း ဘဏ်လိုင်စင်ရအဖွဲ့အစည်းမှ သိသာထင်ရှားစွာပြုလုပ်သော စီးပွားရေးလုပ်ငန်းများ။

(ခ) ပိုင်ဆိုင်ပစ္စည်းအစီရင်ခံစာအား သုံးလတစ်ကြိမ် တင်ပြရမည်။ ပုဒ်မ ၁၂၁ အရ ပြုစုထားသော တောင်းခံနိုင်သည့်အတည်ပြုစာရင်းတွင်ပါဝင်သည့် တောင်းခံမှုများကို ပြုလုပ်နိုင်သည့် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ မြီရှင်များက စစ်ဆေးနိုင်ရန် ဗဟိုဘဏ်တွင် ထားရှိရမည်။

**ပိုင်ဆိုင်ခွင့်တောင်းခံမှုများ မှတ်ပုံတင်ခြင်း**

၁၂၁။ (က) ဘဏ်လိုင်စင်ရအဖွဲ့အစည်းအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအမိန့် ချမှတ်သည့်နေ့မှစ၍ လေးလအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ စာဖြင့်ရေးသား၍ ဘဏ်လိုင်စင်ရ အဖွဲ့အစည်းအပေါ်တွင် တင်ရှိနေသောပိုင်ဆိုင်ခွင့်များကို မှတ်ပုံတင်ရမည်ဖြစ်ပြီး အများ ပြည်သူသိရှိနိုင်ရန် အနည်းဆုံးနှစ်ကြိမ် မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ထုတ်ပြန်ကြေညာ ရမည်။

(ခ) တောင်းခံမှု အထောက်အထားစာရွက်စာတမ်းများနှင့်အတူ အောက်ပါသတင်းအချက်အလက် များ အပါအဝင် တောင်းခံခွင့်အား မှတ်ပုံတင်ရမည် -

(၁) မြီရှင်၏ အမည်နှင့်နေရပ်လိပ်စာ၊

(၂) တောင်းခံမှု၏အရင်းငွေတွင် အတိုးပမာဏ၊ အခြားကုန်ကျစရိတ်များ၊ ဒဏ်ကြေးငွေများနှင့် အခွန်ပမာဏတို့အပါအဝင်၊

(၃) အာမခံသူများ၏ အမည်နှင့်နေရပ်လိပ်စာအပါအဝင် ပေါင်နှံခြင်း၊ ပိုင်ဆိုင်ခြင်းနှင့် အာမခံခြင်းများနှင့် ပတ်သက်သော အသေးစိတ်အချက်အလက်များ။

(ဂ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းအပေါ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအမိန့် ငွေအပ်နှံထားသူ၏ လုပ်ပိုင်ခွင့်အရ ယင်းအဖွဲ့အစည်း၏မှတ်တမ်းများ၊ ၎င်းတို့၏ အပ်နှံစာရင်းမှတ်သားထားသော စာရင်းစာအုပ်များ စစ်ဆေးနိုင်ရန် ခေတ္တရပ်ဆိုင်းနိုင်သည်။

(ဃ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ တောင်းခံမှုမှတ်ပုံတင်ရာတွင် မြီရှင်များအား မှတ်ပုံတင် ပြေစာပေးရမည်။ ယင်းပြေစာသည် မှတ်ပုံတင်ခြင်းအတွက် အပြီးသတ်သက်သေခံ အထောက် အထားဖြစ်စေရမည်။

**တောင်းခံမှုတင်သွင်းခွင့်ပြုခြင်း**

၁၂၂။ (က) ပုဒ်မ ၁၂၁ နှင့်အညီ မှတ်ပုံတင်ထားသော တောင်းခံလွှာကိုသာ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိမှ ခွင့်ပြုနိုင်သည်။ ဘဏ်လိုင်စင်ရအဖွဲ့အစည်းတွင် ရေးသွင်းထားသော သို့မဟုတ် စာရင်းသွင်းထားသော အပ်နှံထားသည့် ဘဏ်စာရင်းအပေါ် တောင်းခံလွှာကိုသာ မှတ်ပုံတင်ရန်မလိုဘဲ ထိုပမာဏအတွက် တင်သွင်းခွင့်ရှိစေရမည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ ဘဏ်လိုင်စင်ရအဖွဲ့အစည်းတွင် ရေးသွင်းထားသော သို့မဟုတ် စာရင်းသွင်းထားသော မှတ်ပုံတင်ထားသည့် တောင်းခံလွှာကိုသာ ထပ်မံ၍ သက်သေ အထောက်အထားပြရန်မလိုဘဲ တင်သွင်းခွင့်ရှိရမည်။

(ဂ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းတွင် ပေါင်နှံထားသည့် ပိုင်ဆိုင်ပစ္စည်းအတွက် မြီရှင်မှ မှတ်ပုံတင်ရာတွင် လွတ်လပ်သော ရာပြတ်မှဆုံးဖြတ်သော ပေါက်ဈေး သို့မဟုတ် လေလံတင် ရောင်းချသော ခန့်မှန်းရောင်းဈေးတန်ဖိုးထက်ပိုသော ပမာဏဖြင့်သာ မှတ်ပုံတင်ရမည်။

(ဃ) လေလံပွဲကျင်းပပြီးမှသာလျှင် ပုဒ်မခွဲ (ဂ) အရ မှတ်ပုံတင်ထားသော တောင်းခံလွှာကို တင်သွင်းနိုင်သည်။

(င) တန်ဖိုးမသတ်မှတ်ရသေးသော တောင်းခံလွှာကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ခန့်မှန်းတန်ဖိုးဖြင့် ခွင့်ပြုနိုင်သည်။

(စ) မှတ်ပုံတင်ထားသော တောင်းခံလွှာများကို စစ်ဆေးပြီးနောက် ကွဲလွဲသည်ဟူသော အကြောင်း ပြချက်ဖြင့် ကွဲလွဲသည့် တောင်းခံလွှာစာရင်းတွင် ကွဲလွဲသော တောင်းခံလွှာနှင့် ခွင့်ပြုသော တောင်းခံလွှာစာရင်းတွင် ခွင့်ပြုသောတောင်းခံလွှာအဖြစ် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိမှ မှတ်တမ်းတင်ရေးသွင်းနိုင်သည်။

(ဆ) တစ်စိတ်တစ်ပိုင်းကွဲလွဲသော မှတ်ပုံတင်ထားသည့် တောင်းခံလွှာများကို ခွင့်ပြုသည့် စာရင်းနှင့် ကွဲလွဲသည့်စာရင်း နှစ်မျိုးလုံးတွင် အသီးသီးမှတ်တမ်းတင်ရမည်။

(ဇ) ဗဟိုဘဏ်၏ သက်မှတ်ချက်နှင့်အညီ တောင်းခံလွှာစာရင်းတွင် လိုအပ်သော အချက်အလက်များ ပါဝင်ရမည်။

(ဈ) တောင်းခံလွှာနှစ်ရပ်စလုံးကို တောင်းခံလွှာမှတ်ပုံတင်ရမည့် နောက်ဆုံးရက်မှစ၍ အလုပ် လုပ်ရက် ၃၀ အတွင်း ဗဟိုဘဏ်၏ ခွင့်ပြုချက်ရယူရန်အတွက် တောင်းခံလွှာနှစ်ရပ်စလုံးကို တင်ပြရမည်။ ထို့အပြင် အချိန်နှင့်တစ်ပြေးညီ ပြုစုထားသောစာရင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်သို့ သုံးလတစ်ကြိမ် တင်ပြရမည်။

(ည) ထိုစာရင်းများကို အတည်မပြုမီ ဗဟိုဘဏ်သည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိနှင့် ညှိနှိုင်း၍ တောင်းခံလွှာကို စာရင်းတစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့နိုင်သကဲ့သို့ ကွဲလွဲသော တောင်းခံလွှာအား အတည်ပြုရန်အတွက် လိုအပ်လျှင် သက်သေအထောက်အထား တောင်းခံနိုင်သည်။

(ဋ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်သည် တောင်းခံလွှာကို ကြားနာရန် တောင်းခံလွှာတင်သွင်းသည့် ရက်မှစ၍ ရက်ပေါင်း (၄၀) ထက် နောက်မကျစေဘဲ ရက်သတ်မှတ်ရမည်။

(ဌ) မြီရှင်ထံသို့ တောင်းခံလွှာ ကြားနာရမည့်ရက်ကို စာဖြင့်အသိပေးရမည်ဖြစ်ပြီး ယင်းသို့ အသိပေးခြင်းကို မြန်မာနိုင်ငံတွင် ကျယ်ပြန့်စွာ ထုတ်ဝေသည့် သတင်းစာနှစ်စောင်တွင် ထည့်သွင်းအသိပေးရမည်။

(ဍ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်သည် ကြားနာပြီးနောက် ကွဲလွဲသော တောင်းခံလွှာကို အတည်ပြုသည် သို့မဟုတ် ငြင်းပယ်သည်ကို ဆုံးဖြတ်ရမည်။

(ဎ) မြီရှင်သို့ အကြောင်းကြားထားသော ကြားနာခြင်းသို့ တက်ရောက်ရန်ပျက်ကွက်သော မြီရှင်၏ တောင်းခံလွှာကို ငြင်းပယ်ခြင်းအဖြစ် ဆုံးဖြတ်ရမည်။

(ဏ) ငြင်းပယ်ခံရသော တောင်းခံလွှာနှင့် အတည်ပြုခံရသော တောင်းခံလွှာတို့ကို မြီရှင်ထံသို့ စာဖြင့်ရေးသား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ အကြောင်းကြားရမည်။

(တ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်မှ ငြင်းပယ်ခံရသော တောင်းခံလွှာကို သင့်လျော်သော အယူခံတရားရုံးသို့ ဆုံးဖြတ်ချက် လက်ခံရရှိသည့်နေ့မှစ၍ နှစ်ပတ်အတွင်း အယူခံဝင်နိုင်သည်။

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်း အစီအစဉ်**

၁၂၃။ (က) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအမိန့်ချမှတ်ပြီးသည့်နေ့မှ ခြောက်လအတွင်း စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိမှ ဘဏ်လိုင်စင်ရအဖွဲ့အစည်းအတွက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း အစီအစဉ်အသေးစိတ်ကို ဗဟိုဘဏ်၏ အတည်ပြုချက်ယူရန် ပြင်ဆင်တင်သွင်းရမည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော အစီအစဉ်တွင် အောက်ပါအချက်များပါဝင်ရမည် -

(၁) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ ပါဝင်သော လက်ကျန်ရှင်းတမ်း၊

(၂) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ယခင်ဝင်ငွေနှင့် အသုံးစရိတ်နှင့် ခန့်မှန်းထားသော ဝင်ငွေနှင့် အသုံးစရိတ်များပါဝင်သော သုံးလတစ်ကြိမ်ရှင်းတမ်း၊

(၃) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အဓိကရရန်ပိုင်ခွင့်များနှင့် အဖွဲ့အစည်း ရရန်ပိုင်ခွင့်များ ရောင်းချမှုအပေါ်နှင့် ရောင်းချရန်အစီအစဉ်ကို ဖော်ပြသော တိုးတက်မှုအစီရင်ခံစာ၊

(၄) ဖျက်သိမ်းခြင်းလုပ်ဆောင်ရန် တရားရုံး၏ အရေးယူဆောင်ရွက်ချက် သို့မဟုတ် မမှန်ကန်သော တရားဝင်လွှဲပြောင်းမှုနှင့် လွှဲပြောင်းခြင်း၏ မခိုင်လုံသော ကြေညာချက်အပါအဝင် ဖန်တီးထားသော အခွင့်အရေးများပါဝင်သော လိုင်စင်ရအဖွဲ့အစည်း၏ တောင်းခံလွှာနှင့် ပတ်သက်သော တရားရေးဆိုင်ရာ သို့မဟုတ် အထူးတရားရေးဆိုင်ရာ အစီရင်ခံစာ၊

(၅) ဘဏ်လိုင်စင်ရအဖွဲ့အစည်းအတွက် လျော်ကြေးရရှိရန် အရေးယူဆောင်ရွက်ချက်များနှင့် ဘဏ်လိုင်စင်ရအဖွဲ့အစည်း ဒါရိုက်တာများနှင့်အရာရှိများ၏ တရားမဝင်သောဆောင်ရွက်ချက် များနှင့် ပြစ်မှုအစီရင်ခံစာ၊

(၆) အလုပ်သမားများအတွက် ငွေရေးကြေးရေးဆိုင်ရာ အသေးစိတ်စိစစ်ချက် အပါအဝင် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အာမခံ၊ အလုပ်သမားငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုဆိုင်ရာ စာချုပ်စာတမ်းများကဲ့သို့သော လက်ရှိစာချုပ်စာတမ်းများ ရပ်စဲခြင်း သို့မဟုတ် ဆက်လက် ဆောင်ရွက်ခြင်းအပေါ် အစီရင်ခံစာ၊

(၇) နောက်သုံးလအတွင်း ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ပေးရန်တာဝန်များနှင့် ဘဏ်လိုင်စင်ရ အဖွဲ့အစည်း၏ မြီရှင်များသို့ ခန့်မှန်းပေးချေရမည့် အစီအစဉ်ဇယားများ ဖော်ပြထားသည့် အစီရင်ခံစာ၊

(၈) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဆိုင်ရာ ပြီးခဲ့သော အမှန်တကယ်ကုန်ကျငွေများနှင့် စရိတ်များ အပါအဝင် နောင်ကုန်ကျမည့် ကုန်ကျငွေများနှင့် စရိတ်များ၏ အစီရင်ခံစာ။

(ဂ) ယင်းနောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအစီအစဉ်ကို သုံးလတစ်ကြိမ် အချိန်နှင့် တစ်ပြေးညီ ပြုစု၍ တင်ပြရမည်။

(ဃ) ဗဟိုဘဏ်၏ သဘောထားမှတ်ချက်အပေါ် အခြေခံ၍ ပြုစုထားသော သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း အစီအစဉ်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်သည် တောင်းခံလွှာကို မှတ်ပုံတင်ထားသော ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ မြီရှင်ကစစ်ဆေးနိုင်ရန် ဆောင်ရွက်ထားရမည်။

**ခုနှိမ်ခြင်းနှင့် အသားတင်ခြားနားချက်**

၁၂၄။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဘဏ်လိုင်စင်ရအဖွဲ့အစည်းနှင့် ၎င်း၏စာချုပ်စာတမ်းအရ စာချုပ်ဝင် တစ်ဖက်ပုဂ္ဂိုလ်များအကြား ဤဥပဒေအရ တာဝန်ဝတ္တရားများကို ဆောင်ရွက်ခြင်းဖြင့် မည်သည့်ဥပဒေနှင့် ဤဥပဒေအရ မည်သည့်ဆုံးဖြတ်ချက်မှ ခုနှိမ်ခြင်းကို မတားဆီး၊ မကန့်သတ်ရ။

(ခ) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ စာချုပ်စာတမ်းအရ စာချုပ်ဝင် တစ်ဖက်ပုဂ္ဂိုလ်များအကြား အခွင့်အရေးနှင့်တာဝန်ဝတ္တရားများကို ဆုံးဖြတ်သတ်မှတ်ရာတွင် ၎င်းတို့ကြားရှိ အကျုံးဝင်သော ငွေရေးကြေးရေးစာချုပ်စာတမ်းများအတွက် အပြီးသတ် အသားတင် ပြုလုပ်မှုနှင့် ခုနှိမ်သည့် ဖော်ပြချက်များသည် သက်ရောက်မှုရှိစေရမည်။

(ဂ) ၎င်းတို့ကြားရှိ အကျုံးဝင်သော ငွေရေးကြေးရေးစာချုပ်စာတမ်းနှင့်အညီ အသားတင်ရပ်စဲခြင်း တန်ဖိုးသည် တစ်ဖက်စာချုပ်ဝင်အပေါ် ဘဏ်လိုင်စင်ရအဖွဲ့အစည်းမှ တောင်းခံငွေဖြစ်သည်။

(ဃ) ဤပုဒ်မ ရည်ရွယ်ချက်အလို့ငှာ -

(၁) **"အကျုံးဝင်သော ငွေရေးကြေးရေး စာချုပ်စာတမ်း"** ဆိုသည်မှာ ဗဟိုဘဏ်၏ စည်းမျဉ်းစည်းကမ်းတစ်ခုခုတွင် ပြဋ္ဌာန်းထားသော စာချုပ်စာတမ်းများကို ဆိုလိုသည်။

(၂) **"အသားတင်ရပ်စဲခြင်းတန်ဖိုး"** ဆိုသည်မှာ အကျုံးဝင်သောငွေရေးကြေးရေးစာချုပ်စာတမ်းရှိ သဘောတူညီချက်များနှင့်အညီ ၎င်းစာချုပ်ဝင် နှစ်ဦးအကြား အပြန်အလှန် တာဝန်ဝတ္တရားများကို ခုနှိမ်ပြီးနောက် ကျန်ရှိသော အသားတင်ပမာဏဖြစ်သည်။

**စေ့စပ်ညှိနှိုင်းထားသည့် စာရင်းရှင်းလင်းခြင်း**

၁၂၅။ (က) ဘဏ်လိုင်စင်ရအဖွဲ့အစည်းအား စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် စာရင်းရှင်းလင်းဖျက်သိမ်းသူသည် ဗဟိုဘဏ်၏ ကြိုတင်သဘောတူညီချက်ရယူ၍ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ မြီစား၊ မြီရှင်တစ်ဦးဦး၏ တောင်းဆိုလွှာများအပေါ်တွင် စေ့စပ်ညှိနှိုင်းထားသည့် စာရင်းရှင်းလင်းခြင်းများကို ပြုလုပ်ဆောင်ရွက်နိုင်သည်။

(ခ) ယင်းစာရင်းရှင်းလင်းချက်များသည် ကွဲလွဲခြင်း၊ ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် အယူခံဝင်ခြင်းများအပေါ်တွင် သက်ဆိုင်ခြင်းမရှိစေရ။

**သင်းလုံးကျွတ်အထွေထွေအစည်းအဝေးနှင့် မြီရှင်များကော်မတီ**

၁၂၆။ (က) စာရင်းရှင်းလင်းဖျက်သိမ်းသူ၏ တောင်းဆိုချက်ဖြင့် ဘဏ်လိုင်စင်ရအဖွဲ့အစည်းအပေါ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သော မြီရှင်များ၏ အထွေထွေအစည်းအဝေးသည် ဘဏ်လိုင်စင်ရအဖွဲ့အစည်းအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအပေါ် ဗဟိုဘဏ်မှ လုံလောက်သော အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုမရှိဟု ဆုံးဖြတ်ခဲ့လျှင် ယင်းအစည်းအဝေး ပြုလုပ်ခွင့်မရှိစေရ။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းသူ၏ တောင်းဆိုခြင်းဖြင့် ဘဏ်လိုင်စင်ရအဖွဲ့အစည်းအပေါ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်သက်ဆိုင်သော မြီရှင်များကော်မတီသည် လိုင်စင်ရအဖွဲ့အစည်းအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအပေါ် ဗဟိုဘဏ်မှ လုံလောက်သော ကိုယ်စားပြုခြင်း၊ မြီရှင်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော မြီရှင်အဖွဲ့အစည်း၏ အကျိုးစီးပွားအပေါ် အတိုင်းအတာတစ်ခုအထိ ကာကွယ်ပေးမှုမရှိဟု ဆုံးဖြတ်ခဲ့လျှင် ယင်းကော်မတီအား ဖွဲ့စည်းခွင့်မရှိစေရ။

(ဂ) မြီရှင်များ အထွေထွေအစည်းအဝေးနှင့် ကော်မတီအပေါ် အာဏာရှိသောဗဟိုဘဏ်၏ ဆုံးဖြတ်ချက်များအား ယင်းအစည်းအဝေးများ၊ ကော်မတီနှင့် ၎င်း၏ လုပ်ငန်းဆောင်ရွက်မှုနယ်ပယ်အပေါ် သတ်မှတ်ပြဋ္ဌာန်းနိုင်သည်။

**အာမခံတင်ထားသည့်တောင်းခံမှုများ**

၁၂၇။ (က) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ စာရင်းရှင်းလင်းဖျက်သိမ်းမှုအပေါ် မြီရှင်များ၏ အတည်ပြုချက်ရရှိပြီးသော အာမခံတင်ထားသော ရရန်ပိုင်ခွင့်တောင်းဆိုလွှာများ အပါအဝင် ယင်းအဖွဲ့အစည်း၏ ရရန်ပိုင်ခွင့်များအားလုံးနှင့် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အာမခံတင်ထားသည့် ရရန်ပိုင်ခွင့်တောင်းဆိုလွှာများအား စီးပွားရေးအရ သင့်လျော်သော နည်းလမ်းများဖြင့် ရောင်းချနိုင်သည်။

(ခ) ရရန်ပိုင်ခွင့်များအား အောက်ပါအတိုင်း စီးပွားရေးအရ သင့်လျော်သော နည်းလမ်းများဖြင့် ရောင်းချပြီးဖြစ်သည်ဟု မှတ်ယူနိုင်သည် -

(၁) ငွေချေးသက်သေခံလက်မှတ်များ၊ နိုင်ငံခြားငွေနှင့် ဈေးကွက်တွင် အသင့်ရောင်းချနိုင်သော အခြားသော ရရန်ပိုင်ခွင့်များ၊ နှင့်

(၂) အများပြည်သူဆိုင်ရာ လေလံပွဲတွင်ရောင်းချခြင်း၊ အများပြည်သူဆိုင်ရာလေလံပွဲတွင် ရရန်ပိုင်ခွင့်များအတွက် သင့်လျော်သောဈေးနှုန်းမရရှိနိုင်ဟု စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ ဆုံးဖြတ်လျှင် ဗဟိုဘဏ်မှ အတည်ပြုသော ဈေးနှုန်းဖြင့် ဗဟိုဘဏ်မှ စာရင်းရှင်းလင်းဖျက်သိမ်းသူအား ရရန်ပိုင်ခွင့်များကို သီးခြားရောင်းချရန် အခွင့်အာဏာပေးနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) တွင် ရည်ညွှန်းသော ပိုင်ဆိုင်ပစ္စည်းများထက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းတွင် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ရရန်ပိုင်ခွင့်များကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ချက်ချင်းတောင်းဆိုမှုအရ ရောင်းချရမည်။

(ဃ) ဈေးကွက်တွင် သို့မဟုတ် အများပြည်သူဆိုင်ရာ လေလံပွဲတွင် ရောင်းချသောပစ္စည်းမဟုတ်လျှင် ခိုင်မာသောတောင်းခံလွှာ၏ ရရန်ပိုင်ခွင့်များတန်ဖိုးအပေါ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိနှင့် ခိုင်မာသောမြီရှင်အကြား ဖြစ်ပွားသော မည်သည့်အငြင်းပွားမှုကိုမဆို ဗဟိုဘဏ်မှ ဖြေရှင်းပေးရမည်။ ထိုကိစ္စရပ်တွင် ဈေးကွက် သို့မဟုတ် အများပြည်သူဆိုင်ရာ လေလံပွဲရှိ ရောင်းဈေးနှုန်းသည် ရရန်ပိုင်ခွင့်များ တန်ဖိုးအဖြစ် အတည်ဖြစ်သည်။

(င) ပုဒ်မခွဲ (က) တွင် မည်သို့ပင်ဖော်ပြထားစေကာမူ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မြီရှင်၏ လုံခြုံခိုင်မာသော တောင်းခံလွှာကို မြီရှင်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိနှစ်ဦးစလုံးမဟုတ်သူ တတိယပုဂ္ဂိုလ်မှဆုံးဖြတ်သော တန်ဖိုးပေါ်မူတည်၍ ငွေပေးချေရမည်။

**ဦးစားပေးရမည့် ပေးချေမှုများ**

၁၂၈။ လိုင်စင်ရဘဏ်၏ ရရန်ပိုင်ခွင့်များကို အောက်ပါဦးစားပေးအစီအစဉ်အရ မြီရှင်များအကြား ခွဲဝေပေးရမည် -

(က) အာမခံဖြင့်ကြွေးမြီများ၊

(ခ) လူမွဲစာရင်းခံယူရာတွင် ကုန်ကျငွေနှင့်စရိတ်အားလုံး၊

(ဂ) ကြွေးမြီသက်သေခံလက်မှတ်များအသွင်ဖြင့် မဟုတ်ဘဲ အပ်နှံငွေနှင့်ပတ်သက်၍ တောင်းခံမှုများ၊

(ဃ) စီမံခန့်ခွဲခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် ဗဟိုဘဏ်သို့ပေးရန်ရှိသော ပေးရန်တာဝန်များ စာရင်းအရ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ပေးရန်တာဝန်များ၊

(င) စာရင်းရှင်းလင်းဖျက်သိမ်းခြင်း အဆုံးအဖြတ်မတိုင်မီ တစ်နှစ်ထက်မပိုသော အချိန်ကာလတစ်ခုထိ ပေးရန်ရှိသော နိုင်ငံတော်နှင့် ပြည်တွင်းအခွန်အခများ၊

(စ) ဒါရိုက်တာအဖွဲ့ဝင်များ၏ လစာငွေများမပါဝင်ဘဲ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိစ္စရပ်ပြုလုပ်ရန် အဆုံးအဖြတ်ပေးသောနေ့အထိ ပေးရန်ရှိသော ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဝန်ထမ်းများသို့ ပေးရန် လစာငွေများ၊

(ဆ) အာမခံမဲ့မြီရှင်များ၏ တောင်းခံငွေများ၊ နှင့်

(ဇ) ပုဒ်မခွဲ (က) မှ (စ) တွင် မပါဝင်သော အခြားတောင်းခံငွေများ။

**ငွေအပ်နှံသူများသို့ လက်ငင်းကြိုတင်ပေးငွေ**

၁၂၉။ ပုဒ်မ ၁၂၈ တွင် မည်သို့ပင်ဖော်ပြထားစေကာမူ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် အပ်နှံငွေ အပ်နှံသူများကို သတ်မှတ်ဖော်ထုတ်ဆက်သွယ်နိုင်သည်အထိ ဆက်သွယ်၍ ဘဏ်၌ ချက်ချင်းတောင်းခံလျှင် ပေးရမည့် ငွေနှင့်စုဆောင်းငွေများကို အခြားပေးရမည့်ငွေများထက် အပ်နှံသူတစ်ဦးလျှင် အများဆုံးပမာဏ ကျပ်တစ်သန်းအထိကို ကြိုတင်ငွေအဖြစ် ပေးရမည်။

**ခွဲဝေပေးခြင်း**

၁၃၀။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အပ်နှံသူများ သို့မဟုတ် အခြားမြီရှင်များသို့ ခွဲဝေပေးရာတွင် ဗဟိုဘဏ်မှ အတည်ပြုထားသော ခွဲဝေဇယားရှိ ပမာဏကိုသာ ပေးရမည်။

(ခ) မည်သည့်အချိန်တွင်မဆို ဗဟိုဘဏ်၏ ငွေပေးချေမှုအတွက် အတည်ပြုထားသော ခွဲဝေဇယား အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ အဆိုပြု၍ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အပ်နှံသူများ သို့မဟုတ် အခြားမြီရှင်များသို့ ပေးချေမှုများကို အဆိုပြုနိုင်သည်။

(ဂ) ခွဲဝေဇယားတစ်ခုစီတွင် ပါဝင်သော အတည်ပြုတောင်းခံလွှာများအတွက် ဦးစားပေးအစီအစဉ် အရ ပေးချေမှုပြုလုပ်နိုင်ရန် အဆင့်သတ်မှတ်ထားရမည်။

(ဃ) အကယ်၍ ရရှိနိုင်သော ရန်ပုံငွေသည် ဦးစားပေးအဆင့်ရှိ တောင်းခံလွှာများအား အပြည့်အဝ ပေးရန် မလုံလောက်လျှင် အဆိုပါ တောင်းခံလွှာများအတွက် ပေးချေမှုအား တွက်ချက်၍ ခွဲဝေမှုပြုလုပ်ရမည်။ ဦးစားပေးအဆင့် တောင်းခံလွှာများအပေါ် အပြည့်အဝပေးချေခြင်း မပြုလုပ်နိုင်လျှင် ဦးစားပေးအဆင့်နိမ့်သော အစီအစဉ်ရှိ တောင်းခံလွှာများအပေါ် ပေးချေရန် ငွေပမာဏကို ခွဲဝေပေးခြင်းမပြုရ။

(င) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်မှ ခွဲဝေဇယားအတည်ပြုချက် ရရှိပြီးသည်နှင့် ချက်ချင်းစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်းခွဲဝေဇယားတွင် ပါဝင်သော ပေးချေမှုများကို ချက်ချင်းပြုလုပ်ရမည်။

(စ) မြီရှင်ကို သတ်မှတ်ဖော်ထုတ်နိုင်မှုမရှိခြင်း သို့မဟုတ် အဆက်အသွယ်မရခြင်းကြောင့် မပေးချေရသော ခွဲဝေဇယားတွင် ပါဝင်သော ပမာဏများကို ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ၎င်းခွဲဝေပေးရန် ရည်ရွယ်လျာထားသော အထူးစာရင်းတွင် ထည့်သွင်းထားရမည်။

(ဆ) ထိုမြီရှင်များကို ငွေလာရောက်ထုတ်ယူရန် နာမည်ဖြင့်ဖိတ်ခေါ်လျက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အများပြည်သူသိရှိရန် မိမိသင့်လျော်သည်ဟုယူဆသည့် နည်းလမ်းတစ်ရပ်ရပ်ဖြင့် ထုတ်ပြန်ကြေညာ၍ သတိပေးအကြောင်းကြားစာ ထုတ်ပြန်ရမည်။

(ဇ) ဤပုဒ်မအရ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ မြီရှင်များ သို့မဟုတ် အပ်နှံသူများသို့ နောက်ဆုံးခွဲဝေပေးသည့်နေ့ပြီးနောက် (၁၀) နှစ်အတွင်း ပိုင်ရှင်မှ လာရောက်ထုတ်ယူခြင်းမရှိလျှင် ပုဒ်မခွဲ (စ) အရ အပ်နှံထားသော မည်သည့်ငွေ ပမာဏကိုမဆို ပုဒ်မ ၁၆၆ အရ စွန့်လွှတ်သည့် ပိုင်ဆိုင်မှုအဖြစ် မှတ်ယူပြီး ၎င်းပုဒ်မရှိ ပြဋ္ဌာန်းချက်များအရ လုပ်ဆောင်ရမည်။

(ဈ) အငြင်းပွားဖွယ်ရာတောင်းခံလွှာများကို အတည်ပြုပြီး သို့မဟုတ် ငြင်းပယ်ပြီးနောက် ဗဟိုဘဏ်မှ အတည်ပြုထားသော တောင်းခံလွှာများအပေါ် ပေးချေမှုများ ဖြစ်နိုင်သမျှအားလုံး ပြုလုပ်ရမည်။ ထို့နောက် ပုဒ်မခွဲ (စ) အရ မပေးနိုင်ခဲ့သော ပမာဏအားလုံးကို အပ်နှံထားပြီး၊ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းမှ ကျန်ရှိသော အသားတင်ရငွေများကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(၁) ရှယ်ယာပိုင်ရှင်များအကြား ဦးစားပေးမှုအလိုက် သက်ဆိုင်ရာ ရှယ်ယာပိုင်ဆိုင်မှု၏ သတ်မှတ်တန်ဖိုးကို တွက်ချက်၍ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ရှယ်ယာရှင်များအကြား ခွဲဝေပေးခြင်း၊

(၂) စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် နိုင်ငံပိုင် ဘဏ်လိုင်စင်ရအဖွဲ့အစည်းဖြစ်နေလျှင် အစိုးရသို့ပေးခြင်း၊

(၃) စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် နိုင်ငံခြားဘဏ်ခွဲဖြစ်နေလျှင် နိုင်ငံခြားဘဏ်သို့ပေးခြင်း။

**နိုင်ငံခြားဘဏ်နှင့် ပတ်သက်သော စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအစီအစဉ်**

၁၃၁။ (က) နိုင်ငံခြားဘဏ်ခွဲအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အောက်ပါတို့ကိုအခြေခံ၍ ပြုလုပ်နိုင်သည် -

(၁) ၎င်းသည် သီးခြားဥပဒေအရတည်ထောင်ထားသောအဖွဲ့အစည်းဖြစ်ပါက ပုဒ်မ ၁၀၈ ပါ ပြဋ္ဌာန်းချက်များသည် အဆိုပါဘဏ်ခွဲအပေါ် အကျုံးဝင်သက်ဆိုင်မှုရှိခြင်း၊

(၂) ဗဟိုဘဏ်၏ လျှောက်ထားမှုအပေါ်တွင် နိုင်ငံခြားဘဏ်သည် ၎င်း၏လုပ်ငန်းကို အဓိက လုပ်ဆောင်သောနေရာ သို့မဟုတ် ၎င်း၏ ရုံးချုပ်တည်ရှိသောနိုင်ငံရှိ နိုင်ငံခြားဘဏ်အပေါ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအစီအစဉ် လုပ်ဆောင်ခြင်း၊

(ခ) အဆိုပါရုံးခွဲများသည် ဥပဒေအရတစ်ခုတည်းသော အဖွဲ့အစည်းဖြစ်နေပါက ဤအခန်းရှိ ပြဋ္ဌာန်းချက်များသည် နိုင်ငံခြားဘဏ်ခွဲသို့ အကျုံးဝင်သက်ဆိုင်သည်။

(ဂ) အဆိုပါရုံးခွဲ၏ လုပ်ငန်းနှင့်ပတ်သက်သော သို့မဟုတ် အဆိုပါနိုင်ငံခြားဘဏ်ခွဲ၏ ရရန်ပိုင်ခွင့်များ၊ တာဝန်များ၊ လုပ်ဆောင်ချက်များနှင့်ပျက်ကွက်မှု (Omissions) များ အားလုံးသည် ဤပြဋ္ဌာန်းချက်များတွင် အကျုံးဝင်သည်။

(ဃ) ရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးတွင် ရှယ်ယာရှင်များ သို့မဟုတ် အမှုဆောင်အရာရှိချုပ်မှ ပြည်တွင်းဘဏ်များတွင် လုပ်ဆောင်သကဲ့သို့ ယင်းကဲ့သို့ တစ်ခုတည်းသော အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်နိုင်သော အချက်များအားလုံးကို ဆောင်ရွက်ရန်ရှိပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ဆောင်ရွက်နိုင်ခွင့်အာဏာပေးရမည်။

(င) နိုင်ငံခြားဘဏ်ခွဲအပေါ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဆောင်ရွက်ရန် တရားလွှတ်တော်က ဆုံးဖြတ်ချက်ချမှတ်သည့်အချိန်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ ကြိုတင်ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခွင့်ရှိသောလုပ်ငန်းများမှအပ နိုင်ငံခြားဘဏ်ခွဲသည် မြန်မာနိုင်ငံတွင် ခွင့်ပြုထားသော အခြားဆောင်ရွက်ချက်များကို ရပ်စဲရမည်။

(စ) နိုင်ငံခြားဘဏ်ခွဲအပေါ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဆောင်ရွက်ရန် ဤပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်သောအခါ မြန်မာနိုင်ငံရှိ နိုင်ငံခြားဘဏ်၏ စီးပွားရေးလုပ်ငန်းအား ပတ်သက်အကျိုးသက်ရောက်သော တာဝန်များအားလုံးကို စုပေါင်းခြင်းနှင့် ခုနှိမ်ခြင်းများသည် ပုဒ်မ ၁၂၄ ဖြင့်သာ သက်ဆိုင်မှုရှိသည်။

(ဆ) နိုင်ငံအတွင်းရှိ နိုင်ငံခြားဘဏ်ခွဲအပေါ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ဆောင်ရွက်ရာ၌ ၎င်းတို့၏ မြီရှင်များတောင်းခံလွှာများအတွက် နိုင်ငံခြားရရန်ပိုင်ခွင့်များ ရယူရာတွင် မြီရှင်များ အခွင့်အရေးကို ကန့်သတ်ခြင်းမရှိဘဲ ဆောင်ရွက်ခွင့်ပြုရမည်။

**နယ်စပ်ဖြတ်ကျော် ကြွေးမြီများကို ပြန်လည်ပေးဆပ်နိုင်စွမ်းမရှိခြင်း**

၁၃၂။ (က) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို နယ်စပ်ဖြတ်ကျော်ဆောင်ရွက်ရာတွင် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ရရန်ပိုင်ခွင့်စုစုပေါင်းကို ပြည်တွင်းနေထိုင်သူနှင့် ပြည်တွင်းနေထိုင်သူမဟုတ်သူ မြီရှင်များ တန်းတူအခွင့်အရေး ရရှိအောင်ဆောင်ရွက်ရန်အလို့ငှာ -

(၁) စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် နိုင်ငံခြားတိုင်းပြည်တွင် လုပ်ငန်းခွဲရှိလျှင် ထိုနိုင်ငံရှိ အာဏာပိုင်များနှင့် ပူးပေါင်းလုပ်ဆောင်ရမည်။

(၂) စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ မြီရှင်မှ နိုင်ငံခြားတိုင်းပြည်တွင် သူ၏တောင်းခံလွှာအပေါ် တစ်စိတ်တစ်ပိုင်းပေးချေမှု ရရှိထားလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်ရှေ့မှောက်တွင် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအစီအစဉ် လုပ်ဆောင်ရာတွင် ကျသင့်သောကုန်ကျစရိတ်များနှင့်အတူ ပေးချေမှုအတွက် ထိုသူတောင်းခံလွှာ၏ လက်ကျန်ရှင်းတမ်းကို တင်ပြရမည်။

(၃) မြန်မာနိုင်ငံရှိ နိုင်ငံခြားဘဏ်ခွဲနှင့်ပတ်သက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်မှ ဆောင်ရွက်သော စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ဆောင်ရွက်မှုတွင် နိုင်ငံခြားဘဏ် လိုင်စင်ရအဖွဲ့အစည်းသည် နိုင်ငံခြားတွင် ကြွေးမြီများ မည်သည့်အတိုင်းအတာအထိ အပြည့်အဝပေးဆပ်နိုင်ခြင်းရှိသည်ကို တရားလွှတ်တော်မှ ဆုံးဖြတ်နိုင်သည်။

(၄) နိုင်ငံခြားဘဏ်သည် ၎င်း၏ လုပ်ငန်းအဓိကဆောင်ရွက်သောနိုင်ငံတွင် စာရင်းရှင်းလင်းဖျက်သိမ်းလျှင် နိုင်ငံခြားဘဏ်လိုင်စင်ရအဖွဲ့အစည်းအနေဖြင့် မြန်မာနိုင်ငံတွင် အပ်နှံသူများနှင့် ထိုနိုင်ငံခြားဘဏ်၏ မြီရှင်များ အကျိုးစီးပွားအတွက် အကြံဉာဏ်များပေးနိုင်ပြီး မြန်မာနိုင်ငံရှိ နိုင်ငံခြားဘဏ်၏ အဆိုပါရရန်ပိုင်ခွင့်များကို ထိုနိုင်ငံရှိ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ နိုင်ငံခြားငွေရေးကြေးရေးအဖွဲ့အစည်း၏ တောင်းဆိုချက်ဖြင့် လွှဲပြောင်းရန် တရားလွှတ်တော်မှ အခွင့်အာဏာပေးနိုင်သည်။

(ခ) နိုင်ငံခြားဘဏ်ခွဲ၏ ပြည်တွင်းနေထိုင်သူမဟုတ်သူ မြီရှင်များ၏ တောင်းခံလွှာများကို ပုဒ်မ ၁၂၄ အရ ပေးရန်တာဝန်များကို ခုနှိမ်ခြင်း သို့မဟုတ် အသားတင်ခြားနားခြင်းဆောင်ရွက်နိုင်ခွင့် မရှိသကဲ့သို့ နိုင်ငံခြားဘဏ်ခွဲကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်းတွင်လည်း ပါဝင်ခွင့်မပြုပါ။

(ဂ) မြန်မာနိုင်ငံရှိ နိုင်ငံခြားဘဏ်ခွဲအပေါ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ဆောင်ရွက်ရာတွင် ၎င်းဘဏ်ခွဲကို ပိုင်ဆိုင်သည့် နိုင်ငံခြားဘဏ်၏ မြီရှင်များ၏ တောင်းခံလွှာများအတွက် ပြည်ပရရန်ပိုင်ခွင့်များရယူခြင်း၌ မြီရှင်များ၏ အခွင့်အရေးများကို ကန့်သတ်ခြင်းမရှိစေရ။

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို ရပ်စဲခြင်းနှင့် လိုင်စင်ရုပ်သိမ်းခြင်း**

၁၃၃။ (က) စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ပြီးဆုံးသည့်အခါတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းစစ် စစ်ဆေးပြီးသော ငွေရေးကြေးရေးရှင်းတမ်းနှင့် ပြင်ပစာရင်းစစ်၏ အမြင်သဘောထားဖြင့် အတည်ပြုထားသော စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဆိုင်ရာ အစီရင်ခံစာတို့ကို တရားလွှတ်တော်၏ အတည်ပြုချက်ရယူရန် တရားလွှတ်တော်သို့ ပြင်ဆင်တင်သွင်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ စာရင်းစစ်ဆေးခြင်းကို ဗဟိုဘဏ်မှ လက်ခံနိုင်သော ပြင်ပစာရင်းစစ်ဖြင့် ဆောင်ရွက်ရမည်။

(ဂ) စာရင်းစစ်သည် ၎င်း၏ သဘောထားအပြင် အောက်ပါအချက်များကို ဖော်ပြရမည် -

(၁) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ စာရင်းရှင်းတမ်းသည် ပြည့်စုံမှု၊ မှန်ကန်မှုနှင့် သင့်လျော်စွာရေးဆွဲထားခြင်း ရှိ/မရှိ၊

(၂) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ စာရင်းရှင်းတမ်းသည် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ရရန်ပိုင်ခွင့်များနှင့်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှဆောင်ရွက်သော မှန်ကန်တိကျသော စာရင်းများ ဟုတ်/မဟုတ်၊

(၃) စာရင်းစစ်သည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံမှ တောင်းခံရရှိသော သတင်းအချက်အလက် သို့မဟုတ် ရှင်းလင်းချက်ကို ကျေနပ်ဖွယ်ရာ ရှိ/မရှိ၊

(၄) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်မှ ချမှတ်ထားသော ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ/မရှိ။

(ဃ) စစ်ဆေးပြီးသော စာရင်းရှင်းတမ်းနှင့်စာရင်းစစ်၏အစီရင်ခံစာကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်၏ အတည်ပြုချက်အပေါ် ဗဟိုဘဏ်မှ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ လိုင်စင်ကိုရုပ်သိမ်းပြီး ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရုပ်သိမ်းခြင်းကို အကြောင်းကြားနိုင်သည်။

(င) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဆိုင်ရာ အစီရင်ခံစာနှင့် စစ်ဆေးပြီးသော စာရင်းရှင်းတမ်းအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်၏ အတည်ပြုချက်သည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်စေနိုင်သကဲ့သို့ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်ပတ်သက်၍ တာဝန်များကို လျှော့ပေါ့ပေးနိုင်သည်။

(စ) စစ်ဆေးပြီးသောစာရင်းရှင်းတမ်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဆိုင်ရာ အစီရင်ခံစာများကို အတည်ပြုလျက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်၏ ဆုံးဖြတ်ချက်ဖြင့် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ စာရင်းမှတ်တမ်းများနှင့် စာရင်းစာအုပ်များ မည်သို့ထားရှိရမည်ကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ညွှန်ကြားနိုင်သည်။

(ဆ) စစ်ဆေးပြီးသောစာရင်းရှင်းတမ်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဆိုင်ရာ အစီရင်ခံစာများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်၏ အတည်ပြုချက်ဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာရမည်။

(ဇ) ပုဒ်မခွဲ (ဆ) အရ ကြေညာချက်ထုတ်ပြန်မှုအပေါ် ၎င်းကြေညာချက်သည် လက်ရှိတည်ဆဲကုမ္ပဏီများအက်ဥပဒေအရ မှတ်ပုံတင်ထားသောကုမ္ပဏီနှင့် သက်ဆိုင်နေလျှင် ကုမ္ပဏီများအက်ဥပဒေနှင့် မည်သို့ပင်ဆန့်ကျင်စေကာမူ စာရင်းရှင်းလင်းဖျက်သိမ်းသူသည် ကုမ္ပဏီမှတ်ပုံတင်အရာရှိအား ထိုကုမ္ပဏီ၏အမည်ကို စာရင်းမှဖယ်ရှားစေရမည်။

(ဈ) ပုဒ်မခွဲ (ဇ) အရ အမည်စာရင်းဖယ်ရှားခြင်း ကြေညာချက်ထုတ်ပြန်ပြီးသောနေ့မှစ၍ ဘဏ်လိုင်စင်ရအဖွဲ့အစည်းအပေါ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းလုပ်ငန်းစဉ်ကို ရပ်စဲပြီး ကုမ္ပဏီကို ဖျက်သိမ်းရမည်။

(ည) ပုဒ်မခွဲ (ဈ) အရ ကုမ္ပဏီဖျက်သိမ်းခြင်းသည် ဤဥပဒေ သို့မဟုတ် အခြားတည်ဆဲဥပဒေအရ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ်၊ အခြားအရာရှိ သို့မဟုတ် ကုမ္ပဏီပိုင်ရှင်၏ ၎င်းပေးရန်တာဝန်များကို မထိခိုက်စေဘဲ ကုမ္ပဏီမဖျက်သိမ်းသကဲ့သို့ ၎င်းပေးရန်တာဝန်များသည် ဆက်လက်တည်ရှိလိုက်နာရမည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ နည်းဥပဒေများ ပြုပိုင်ခွင့်အာဏာ**

၁၃၄။ ဗဟိုဘဏ်သည် ဤအခန်းပါပြဋ္ဌာန်းချက်များကို အကျိုးသက်ရောက်မှုရှိစေရန် လိုအပ်သော စည်းမျဉ်းများကို ထုတ်ပြန်နိုင်သည်။

**ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အရာရှိများက ကျူးလွန်သည့် ပြစ်မှုများ**

၁၃၅။ (က) စာရင်းရှင်းလင်းဖျက်သိမ်းနေသော ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အရာရှိအဖြစ် တာဝန်ထမ်းဆောင်ဆဲ၊ ထမ်းဆောင်ခဲ့သော မည်သူမဆို -

(၁) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ သာမန်နည်းလမ်းဖြင့် ဖယ်ရှားလိုက်သည့် စီးပွားရေးလုပ်ငန်းအချို့မှအပ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ရွှေ့ပြောင်းနိုင်သောနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများအားလုံးအား မည်ကဲ့သို့ မည်သူ့ထံသို့ မည်သည့်အဖိုးစားနားဖြင့်၊ မည်သည့်အချိန်တွင် ဖယ်ရှားလိုက်သည်ကို ၎င်းသိသမျှ မဖော်ထုတ်လျှင်၊

(၂) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ မလွှဲပြောင်းပေးလျှင် သို့မဟုတ် ၎င်းက -

(ကက) ဥပဒေအရ ၎င်းအနေဖြင့် လွှဲပြောင်းရန်လိုအပ်သော ၎င်း၏ထိန်းသိမ်းမှု သို့မဟုတ် ထိန်းချုပ်ကွပ်ကဲမှုအောက်တွင်ရှိသော ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ရွှေ့ပြောင်းနိုင်သောနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းအားလုံးကို လွှဲပြောင်းရန်မညွှန်ကြားလျှင်၊

(ခခ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းပိုင်ဆိုင်သော ၎င်း၏ ထိန်းသိမ်းမှုအောက်တွင် သို့မဟုတ် ထိန်းချုပ်ကွပ်ကဲမှုအောက်ရှိ စာရင်းစာအုပ်များ၊ စာရွက်စာတမ်းများနှင့် ဥပဒေအရလွှဲပြောင်းရန် လိုအပ်သောအရာများကို လွှဲပြောင်းရန် မညွှန်ကြားလျှင်၊

(၃) မဖျက်သိမ်းခင်နှင့် ဖျက်သိမ်းပြီးနောက် (၁၂) လအတွင်း -

(ကက) တန်ဖိုးငွေကျပ် ၂၀,၀၀၀ နှင့် ကျပ် ၂၀,၀၀၀ အထက်ရှိ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ မည်သည့်ပိုင်ဆိုင်ပစ္စည်းကိုမဆို ထိမ်ချန်လျှင် သို့မဟုတ် ဘဏ်လိုင်စင်ရအဖွဲ့အစည်းမှ သို့မဟုတ် ၎င်းသို့ပေးရန်၊ ရရန်ရှိသော ကြွေးမြီများကို ထိမ်ချန်လျှင်၊

(ခခ) တန်ဖိုးငွေကျပ် ၂၀,၀၀၀ နှင့် ကျပ် ၂၀,၀၀၀ အထက်ရှိ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ မည်သည့်ပိုင်ဆိုင်ပစ္စည်းကိုမဆို လိမ်လည်လှည့်ဖြားပြီး ပြောင်းရွှေ့လျှင်၊

(ဂဂ) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ကိစ္စရေးရာများ သို့မဟုတ် ပစ္စည်းများနှင့် ပတ်သက်သော သို့မဟုတ် သက်ရောက်သော မည်သည့်စာအုပ်၊ မည်သည့်စာရွက်စာတမ်းကိုမဆို ထိမ်ချန်မှု၊ ပျက်စီးခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် လိမ်လည်အတုပြုလုပ်ခြင်းကို ဖော်ထုတ်ရန် ထိမ်ချန်၊ ပျက်စီး၊ ဖျက်ဆီး သို့မဟုတ် လိမ်လည်အတုပြုလုပ်လျှင်၊

(ဃဃ) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ကိစ္စရေးရာများ သို့မဟုတ် ပစ္စည်းများနှင့် သက်ဆိုင်သော သို့မဟုတ် အကျိုးသက်ရောက်သော မည်သည့်စာအုပ်၊ မည်သည့်စာရွက်စာတမ်းတွင်မဆို မှားယွင်းသော ရေးသားထားချက်ပြုလုပ်ထားခြင်းကို သိစေလျှင် သို့မဟုတ် ပြုလုပ်ထားလျှင်၊

( င င ) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ကိစ္စရေးရာများ သို့မဟုတ် ပစ္စည်းများနှင့် သက်ဆိုင်သော သို့မဟုတ် အကျိုးသက်ရောက်သော မည်သည့်စာရွက်စာတမ်းကိုမဆို ပြောင်းလဲခြင်း သို့မဟုတ် ထိမ်ချန်မှုပြုလုပ်ပြီး လိမ်လည်လှည့်ဖြားမှုကိုသိစေလျှင် သို့မဟုတ် လိမ်လည်လှည့်ဖြားမှုဖြင့် ဖယ်ထုတ်လျှင်၊ ပြောင်းလဲထားလျှင် သို့မဟုတ် ထိမ်ချန်မှုပြုလုပ်ထားလျှင်၊

( စ စ ) မှားယွင်းစွာဖော်ပြခြင်း သို့မဟုတ် အခြားလိမ်လည်လှည့်ဖြားမှုတို့ဖြင့် ဘဏ်လိုင်စင်ရအဖွဲ့အစည်းမှ တစ်ဆက်တည်းပေးထားခြင်း မဟုတ်သည့် ချေးငွေများအပေါ် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ကိုယ်စား သို့မဟုတ် ၎င်းအတွက် ပိုင်ဆိုင်ပစ္စည်းများကို လက်ခံရယူလျှင်၊

(ဆဆ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းမှ တစ်ဆက်တည်းပေးထားခြင်း မဟုတ်သောပစ္စည်းအား ငွေရေးကြေးရေးအဖွဲ့အစည်းမှ ၎င်း၏စီးပွားရေးလုပ်ငန်းကို ဆောင်ရွက်ရန်ဟု မှားယွင်းစွာလိမ်လည်တင်ပြမှုအရ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ကိုယ်စား သို့မဟုတ် ၎င်းအတွက် ချေးငွေအပေါ် လက်ခံရယူလျှင်၊

( ဇ ဇ ) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ သာမန်စီးပွားရေးနည်းလမ်းဖြင့် ပေါင်နှံခြင်း၊ အပေါင်ထားခြင်း သို့မဟုတ် ရောင်းချခြင်းမဟုတ်သော ချေးငွေအတွက် ပေးထားခြင်းမဟုတ်သည့် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ပစ္စည်းများကို ပေါင်နှံလျှင်၊ အပေါင်ထားလျှင် သို့မဟုတ် ရောင်းချလျှင်။

(၄) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အရေးကိစ္စများနှင့်စပ်လျဉ်း၍ ဖော်ပြချက်တစ်ရပ်ရပ်တွင် အဓိကကျသော ထိမ်ချန်မှုကိုပြုလုပ်လျှင်၊

(၅) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ တစ်လအတွင်း အကြောင်းကြားရန် ပျက်ကွက်သောသူထံမှ မမှန်ကန်သောကြွေးမြီများရှိကြောင်း သက်သေပြနိုင်သည်ကို သိရှိယုံကြည်လျှင်၊

(၆) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အရေးကိစ္စများ သို့မဟုတ် ပစ္စည်းများနှင့် ပတ်သက်သော သို့မဟုတ် အကျိုးသက်ရောက်စေသော စာအုပ်စာတမ်း သို့မဟုတ် စာရွက်စာတမ်းများ ထုတ်ဝေခြင်းကို တားဆီးလျှင်၊

(၇) မဖျက်သိမ်းခင်နှင့် ဖျက်သိမ်းပြီးနောက် (၁၂) လအတွင်း ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ပိုင်ဆိုင်ပစ္စည်းများ၏ မည်သည့်အစိတ်အပိုင်းကိုမဆို လုပ်ကြံထားသော အရှုံး သို့မဟုတ် ကုန်ကျစရိတ်များဖြင့် စာရင်းသွင်းရန်ကြိုးစားလျှင်၊

(၈) မဖျက်သိမ်းခင်နှင့် ဖျက်သိမ်းပြီးနောက် (၁၂) လအတွင်း ဖျက်သိမ်းရန် သို့မဟုတ် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အရေးကိစ္စများကို ကိုးကား၍ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ မြီရှင်များသဘောထားကိုရယူရန် သို့မဟုတ် အခြားသောသဘောတူညီချက်ကို ရယူရန် ရည်ရွယ်ချက်ဖြင့် မှားယွင်းတင်ပြခြင်း သို့မဟုတ် အခြားလိမ်လည်မှုများကို ကျူးလွန်လျှင်၊ ဤဥပဒေအရ ပြစ်မှုမြောက်သည်။

( ခ ) ပုဒ်မခွဲ (က) အရ ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသူသည် လိမ်လည်လှည့်ဖြားရန် မည်သည့်ရည်ရွယ်ချက်မှ မရှိကြောင်းသက်သေပြလျှင်၊ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အရေးကိစ္စများအခြေအနေကို ထိမ်ချန်ရန် သို့မဟုတ် ဥပဒေကိုလွှမ်းမိုးရန် မည်သည့် ရည်ရွယ်ချက်မှ မရှိကြောင်း သက်သေပြလျှင် စွဲဆိုချက်ကို ခုခံကာကွယ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ပြစ်မှုမြောက်သော အခြေအနေတွင် တစ်ဦးတစ်ယောက်ထံမှ ပေါင်နှံခြင်း၊ အပေါင်ထားခြင်း သို့မဟုတ် ရောင်းချခြင်းကိုပြုလုပ်သောအခြေအနေတွင် ၎င်းအခြေအနေကို သိလျက်ပေါင်နှံခြင်း၊ အပေါင်ထားခြင်း သို့မဟုတ် ရောင်းချခြင်း ပြုလုပ်သောပစ္စည်းကို လက်ခံသော အပေါင်ပစ္စည်း သို့မဟုတ် ပေါင်နှံခြင်းကိုလက်ခံသော မည်သူ့ကိုမဆို ဤဥပဒေအရ ပြစ်မှုမြောက်သည်။

**စာအုပ်များတွင် မမှန်မကန် ပြုလုပ်ထားခြင်းအတွက် ပြစ်ဒဏ်**

၁၃၆။ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ စာအုပ်စာတမ်းများ၊ စာရွက်စာတမ်းများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များကို ဖျက်ဆီးခြင်း၊ ပျက်စီးခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် လိမ်လည်အတုပြုလုပ်ခြင်းကို ပြုလုပ်သူ သို့မဟုတ် မည်သူ့ကိုမဆို ဖြားယောင်းရန် သို့မဟုတ် လိမ်လည်လှည့်ဖြားရန် ရည်ရွယ်ချက်ဖြင့် ဘဏ်လိုင်စင်ရအဖွဲ့အစည်းပိုင်ဆိုင်သော မှတ်ပုံတင် သို့မဟုတ် စာရင်းစာအုပ် သို့မဟုတ် စာရွက်စာတမ်းတို့တွင် မှားယွင်းသော သို့မဟုတ် လိမ်လည်လှည့်ဖြားသောရေးသွင်းခြင်းကို ပြုလုပ်သူ သို့မဟုတ် ကြံရာပါဖြစ်သည့် စာရင်းရှင်းလင်းဖျက်သိမ်းသော ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ မည်သည့်အရာရှိကိုမဆို ဤဥပဒေအရ ပြစ်မှုမြောက်သည်။

## အခန်း (၁၇)

## အီလက်ထရောနစ် ငွေကြေး (E-Money)၊ အီလက်ထရောနစ်ဘဏ်လုပ်ငန်း (E-Banking) နှင့် မိုဘိုင်းဘဏ်လုပ်ငန်း (Mobile Banking)

**အဓိပ္ပာယ် ဖွင့်ဆိုချက်**

၁၃၇။ ဤအခန်းပါ ရည်ရွယ်ချက်များအလို့ငှာ **"အီလက်ထရောနစ်ငွေကြေး (e-money)"** ဆိုသည်မှာ ငွေထုတ်ပေးသူ (issuer) အပေါ် တောင်းခံခြင်းဖြင့် အောက်ပါနည်းလမ်းတစ်ရပ်ရပ်အရ ရထိုက်သည့် ငွေကြေးတန်ဖိုးကို ဆိုသည် -

(က) ကတ်တစ်ခုခုအပါအဝင် အီလက်ထရောနစ်ကိရိယာ (e-device) တစ်ခုခုတွင် တန်ဖိုးသိုမှီးထားခြင်း၊

(ခ) လက်ခံရရှိသည့် ငွေကြေးတန်ဖိုး (monetary value) ထက်မလျော့သည့် ငွေပမာဏအဖြစ် ထုတ်ပေးခြင်း၊

(ဂ) ငွေထုတ်ပေးသူ (issuer) မှအပ အခြားပုဂ္ဂိုလ်များက ငွေပေးချေမှုနည်းလမ်းအဖြစ် လက်ခံရရှိခြင်း။

**အီလက်ထရောနစ် ငွေကြေး (E-Money) နှင့် ချေးငွေတိုကင် (Credit token) ထုတ်ဝေခြင်းနှင့် ဆိုင်သော ကန့်သတ်ချက်များ**

၁၃၈။ (က) မည်သူမျှ အောက်ပါအချက်တစ်ရပ်ရပ်နှင့် မကိုက်ညီလျှင် အီလက်ထရောနစ်ငွေကြေးကိုဖြစ်စေ၊ ချေးငွေတိုကင်ကိုဖြစ်စေ အများပြည်သူသို့ ထုတ်ပေးခြင်းမပြုရ -

(၁) ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခုခုဖြစ်ခြင်း၊ သို့မဟုတ်

(၂) ၎င်းရည်ရွယ်ချက်အတွက် ဗဟိုဘဏ်က မှတ်ပုံတင်ပြုလုပ်ပေးထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခုဖြစ်ခြင်း။

(ခ) အီလက်ထရောနစ်ငွေကြေး (e-money) နှင့် ချေးငွေတိုကင် (credit token) အတွက် သုံးစွဲနိုင်သည့် ကာလနှင့် ၎င်းကိုမည်သို့ပြန်လည်ပေးဆပ်မည်ဟူသော စည်းကမ်းသတ်မှတ်ချက်များ ပါရှိသည့် အီလက်ထရောနစ် ငွေကြေးနှင့်ချေးငွေတိုကင်ထုတ်ပေးသူနှင့် လက်ခံသူတို့အကြား ချုပ်ဆိုထားသည့် သဘောတူညီချက်အရ အီလက်ထရောနစ် ငွေကြေးနှင့် ချေးငွေတိုကင်ကို ထုတ်ဝေနိုင်သည်။

**အီလက်ထရောနစ် ငွေကြေး (e-money) နှင့် ချေးငွေတိုကင် (credit token) ကို ကြပ်မတ်ကွပ်ကဲမှုဆိုင်ရာ အခွင့်အာဏာ**

၁၃၉။ (က) ဗဟိုဘဏ်သည် စည်းမျဉ်းစည်းကမ်းဖြင့် -

(၁) ပုဂ္ဂိုလ်တစ်ဦးက အီလက်ထရောနစ်ငွေကြေး (e-money) သို့မဟုတ် ချေးငွေတိုကင် (Credit token) ကို အများပြည်သူထံ ထုတ်ပေးခြင်းမပြုနိုင်မီ ဗဟိုဘဏ်ထံမှမှတ်ပုံတင်ရရှိရေးအတွက် စည်းကမ်းချက်များ၊ လိုအပ်ချက်များနှင့် ဗဟိုဘဏ်က ယင်းမှတ်ပုံတင်ကို ဖျက်သိမ်းရမည့် သို့မဟုတ် ဖျက်သိမ်းနိုင်သည့်အခြေအနေကို သတ်မှတ်နိုင်သည်။

(၂) ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူများ (customers) ၏ ရန်ပုံငွေ၊ ငွေစာရင်းနှင့် သတင်းပေးပို့ချက်များ လုံခြုံရေးဆိုင်ရာလိုအပ်ချက်များအပါအဝင် ကြပ်မတ်ကွပ်ကဲခြင်းဆိုင်ရာ လိုအပ်ချက်များ (prudential requirements) နှင့်အတူ အများပြည်သူထံ အီလက်ထရောနစ် ငွေကြေး (e-money) သို့မဟုတ် ချေးငွေတိုကင် (credit token) ကို ထုတ်ပေးနိုင်သည်။

(၃) ငွေပေးချေမှုတွင် ထုတ်ပေးသည့်ပုဂ္ဂိုလ်များနှင့် ငွေပေးချေမှုတွင် အီလက်ထရောနစ်ငွေကြေး သို့မဟုတ် ချေးငွေတိုကင်ကို လက်ခံအသုံးပြုသည့် ပုဂ္ဂိုလ်များအကြား စာချုပ်စည်းကမ်းချက်များ၊ အစီအစဉ်များနှင့် ငွေပေးချေမှုလုပ်ထုံးလုပ်နည်းများကို လိုက်နာကျင့်သုံးရမည့် စည်းမျဉ်းများကို ထုတ်ပြန်နိုင်သည်။

(၄) ဗဟိုဘဏ်က ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူများ၏သတင်းအချက်အလက်များစုဆောင်းရန်နှင့် မှတ်တမ်းများကိုထိန်းသိမ်းရန် လိုအပ်သောစည်းမျဉ်းများတွင် သတ်မှတ်မည့်ပုံစံနှင့် အသေးစိတ်အချက်အလက်များအပါအဝင် ဗဟိုဘဏ်က ၎င်း၏ အီလက်ထရောနစ်ငွေကြေး လုပ်ငန်းကို စစ်ဆေးမှုလွယ်ကူစေရန် အီလက်ထရောနစ်ငွေကြေး သို့မဟုတ် ချေးငွေတိုကင် (credit token) ကို အများပြည်သူထံထုတ်ပေးသူများ (issuers) အပေါ် နည်းဥပဒေ၊ စည်းမျဉ်းများ ပြဋ္ဌာန်းသတ်မှတ်နိုင်သည်။

(၅) အီလက်ထရောနစ်ငွေကြေးနှင့် ချေးငွေတိုကင် (credit token) ဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို ထိရောက်မှုရှိစေရန် ဗဟိုဘဏ်က လိုအပ်သည်ဟုထင်မြင်သည့် အခြားကိစ္စရပ်များကို သတ်မှတ်နိုင်သည်။

(ခ) ဤပုဒ်မခွဲအရ စည်းကမ်းချက်များနှင့် လိုအပ်ချက်များသည် အီလက်ထရောနစ်ငွေကြေး သို့မဟုတ် ချေးငွေတိုကင်ထုတ်ပေးသူ အမျိုးအစားတစ်ခုမှ အခြားအမျိုးအစားတစ်ခုသို့ ပြောင်းလဲနိုင်သည်။

(ဂ) အများပြည်သူထံ အီလက်ထရောနစ်ငွေကြေး သို့မဟုတ် ချေးငွေတိုကင်ထုတ်ပေးသူ တစ်ဦးဦးသည် ဤဥပဒေ၏ ပြဋ္ဌာန်းချက်ကိုသော်လည်းကောင်း၊ ဤဥပဒေပုဒ်မတစ်ခုခုအရ ထုတ်ပြန်သည့် စည်းမျဉ်းများကိုသော်လည်းကောင်း ချိုးဖောက်လျှင် ဤဥပဒေအရ ပြစ်မှုကို ကျူးလွန်သည်ဟု မှတ်ယူရမည်။

**အီလက်ထရောနစ် ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများ (E-Banking Services)**

၁၄၀။ (က) ဗဟိုဘဏ်သည် မြန်မာနိုင်ငံတွင် အင်တာနက်ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ (internet banking services)၊ မိုဘိုင်းဘဏ်လုပ်ငန်းနှင့် အခြားအီလက်ထရောနစ်ဘဏ်လုပ်ငန်းများအတွက် (ဤမှနောက်တွင် **"အီလက်ထရောနစ် ဘဏ်ဝန်ဆောင်မှုများ"** ဟု ခေါ်တွင်မည်။) စနစ်များနှင့် လုပ်ထုံးလုပ်နည်းများ တည်ထောင်ဖွဲ့စည်းရေးအတွက် တာဝန်ရှိသည်။

(ခ) ပုဒ်မခွဲ (က) ပါ ရည်ရွယ်ချက်များအလို့ငှာ ဗဟိုဘဏ်သည် အောက်ပါတို့အတွက် လိုအပ်သော စည်းမျဉ်းများနှင့် လမ်းညွှန်ချက်များကို ထုတ်ပြန်နိုင်သည် -

(၁) ငွေရေးကြေးရေးဈေးကွက် (financial markets) များ၏ လုံခြုံမှုကို အန္တရာယ်ရှိစေနိုင်သော သို့မဟုတ် ငွေပေးချေမှုစနစ်တွင် ယုံကြည်မှုလျော့နည်းစေနိုင်သည့် စနစ်တစ်ခုလုံးကို ထိခိုက်သော စနစ်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေများနှင့် အခြားဆုံးရှုံးနိုင်ခြေများကို လျော့နည်းပပျောက်စေရန်၊

(၂) ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူများအား ၎င်းတို့၏အခွင့်အရေးနှင့် တာဝန်များကို ပညာပေးရေးနှင့် ၎င်းတို့၏ ကိုယ်ပိုင်လွတ်လပ်ခွင့်များ (own privacy) ကို အကာအကွယ်ပေးရေးအတွက် သင့်လျော်သလိုပညာပေးရန် အဖွဲ့အစည်းများအား အားပေးတိုက်တွန်းရန်၊

(၃) အသုံးပြုသူများနှင့် စီးပွားရေးလုပ်ငန်းများထံ အီလက်ထရောနစ်ဝန်ဆောင်မှုများ (E-services) မှတစ်ဆင့် ထိရောက်ပြီး ဆုံးရှုံးနိုင်ခြေနည်းပါးကာ ကုန်ကျမှုစရိတ်လျော့နည်း၍ အဆင်ပြေစေသည့် ငွေပေးချေမှုနှင့် ငွေကြေးဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ခြင်းဖြစ်ပေါ်စေရန်၊

(၄) အဖွဲ့အစည်းများသည် အင်တာနက် ဘဏ်ဝန်ဆောင်မှုများ၊ မိုဘိုင်းဖုန်းဝန်ဆောင်မှုများနှင့် အခြားအီလက်ထရောနစ်ဘဏ်ဝန်ဆောင်မှုများ (ဤမှနောက်တွင် **"အီလက်ထရောနစ်ဝန်ဆောင်မှုများ (E-services) "** ဟုခေါ်တွင်မည်။) ဆိုင်ရာအနည်းဆုံး စံသတ်မှတ်ချက် (minimum standards) များကို လိုက်နာဆောင်ရွက်စေရန်၊

(၅) အီလက်ထရောနစ်ဘဏ်ဝန်ဆောင်မှုများ ဖွဲ့စည်းတည်ထောင်ရေးအတွက် ဗဟိုဘဏ်၏ ခွင့်ပြုချက်ရယူရန်အတွက် စည်းကမ်းချက်များနှင့် လုပ်ငန်းစဉ်များသတ်မှတ်ရန်၊

(၆) အီလက်ထရောနစ်ဘဏ်လုပ်ငန်း (e-banking) စည်းမျဉ်းများ အကျိုးသက်ရောက်မှုရှိစေရန် ဗဟိုဘဏ်က လိုအပ်သည်ဟုထင်မြင်သည့် အခြားကိစ္စရပ်များ သတ်မှတ်ရန်။

## အခန်း (၁၈)

## ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်ကို ကြီးကြပ်ထိန်းကျောင်းခြင်း

### ငွေပေးချေမှုစနစ်မူဝါဒ (Payment System Policy)

၁၄၁။ (က) ၂၀၁၃ ခုနှစ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊ အခန်း (၁၂) တွင် ပြဋ္ဌာန်းထားသည့် လုပ်ပိုင်ခွင့်များအပြင် ဗဟိုဘဏ်သည် မြန်မာနိုင်ငံ၏ ငွေပေးချေမှုမူဝါဒ အကောင်အထည်ဖော်ရေးကို စနစ်တကျစီစဉ်ဖော်ထုတ်ခွင့်၊ ချမှတ်ကျင့်သုံးခွင့်နှင့် စောင့်ကြပ်ကြည့်ရှုခွင့်စသည့် အခွင့်အာဏာများရှိရမည်။

(ခ) ဤအခန်း၏ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ဗဟိုဘဏ်သည် တတ်နိုင်သမျှ အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်များကို လိုက်နာရမည်။

(ဂ) လုံခြုံမှုနှင့် ထိရောက်မှုရှိသော ငွေပေးချေမှုစနစ် တိုးမြှင့်ဆောင်ရွက်ရေးတွင် ဗဟိုဘဏ်သည် အခြားနိုင်ငံများ၏ ဗဟိုဘဏ်များနှင့်ဖြစ်စေ၊ အဆင့်တူအဖွဲ့အစည်းများ၊ အခြားသက်ဆိုင်ရာ ပြည်တွင်းပြည်ပအာဏာပိုင်အဖွဲ့အစည်းများနှင့်ဖြစ်စေ ပူးပေါင်းဆောင်ရွက်ရမည်။

### ဗဟိုဘဏ်၏လုပ်ပိုင်ခွင့်အာဏာများ

၁၄၂။ ဗဟိုဘဏ်သည် အောက်ပါတို့ကိုဆောင်ရွက်ရန် အခွင့်အာဏာရှိသည် -

(က) ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်များကို စည်းမျဉ်းစည်းကမ်းသတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းကို ဆောင်ရွက်ရန်၊

(ခ) ဗဟိုဘဏ်တွင် ထိန်းသိမ်းထားသော ငွေချေးသက်သေခံလက်မှတ်စာရင်းများရှိ ငွေချေးသက်သေခံလက်မှတ်များအား စာရင်းရှင်းလင်းရေး ဆောင်ရွက်ရန်၊

(ဂ) အများပြည်သူထံ ငွေကြေးဝန်ဆောင်မှုပေးသူများနှင့် အခြားငွေပေးချေမှုစာချုပ်စာတမ်းပုံစံဖြင့် ထုတ်ပေးသူများအား စည်းမျဉ်းများသတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ရန်၊

(ဃ) အီလက်ထရောနစ်နည်းဖြင့် ချက်လက်မှတ်များတင်ပြခြင်းကို အဆင်ပြေချောမွေ့စေရန်။

**ငွေပေးချေမှုစနစ်များသတ်မှတ်ရန်နှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်ရေးစနစ်များ တည်ထောင်ရန် အခွင့်အာဏာ**

၁၄၃။ (က) ဗဟိုဘဏ်သည် အောက်ပါတို့ကို တည်ထောင်ခြင်း၊ လုပ်ငန်းဆောင်ရွက်ခြင်း၊ စည်းရုံးဖွဲ့စည်းဆောင်ရွက်ခြင်းနှင့် တိုးမြှင့်ခြင်းတို့ဆောင်ရွက်ရာတွင် လွယ်ကူအဆင်ပြေရန်လိုအပ်သော လုပ်ငန်းတည်ထောင်မှု၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု၊ စည်းရုံးဖွဲ့စည်းမှု၊ လုပ်ငန်းမြှင့်တင်မှု၊ ပါဝင်ဆောင်ရွက်မှု သို့မဟုတ် အကူအညီပေးမှုများပြုနိုင်ပြီး လိုအပ်သောစည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ ပြုနိုင်သည်။

(၁) ငွေပေးချေမှုများ စာရင်းရှင်းလင်းခြင်း (clearing and settlement) အတွက် စနစ်တစ်မျိုးမျိုးနှင့် ပြည်တွင်းပြည်ပ သုံးစွဲငွေကြေးများဖြင့် ငွေပေးချေမှုများပြုလုပ်ခြင်း သို့မဟုတ် ငွေလဲလှယ်ခြင်းများအတွက် အခြားအစီအစဉ်များ၊

(၂) ငွေချေးသက်သေခံလက်မှတ်များ စာရင်းရှင်းလင်းခြင်းအတွက် စနစ်တစ်မျိုးမျိုးနှင့်ငွေချေးသက်သေခံလက်မှတ်လဲလှယ်ခြင်းအတွက် အခြားအစီအစဉ်များ၊ ထို့ပြင်

(၃) အခြားသော ငွေပေးချေမှုများ သို့မဟုတ် အခြားသုံးစွဲငွေဖြင့် ငွေချေးသက်သေခံလက်မှတ်များကို အာမခံပြု၍ သုံးစွဲငွေတစ်ရပ်ရပ်ဖြင့်ငွေပေးချေမှုပြုလုပ်ခြင်း သို့မဟုတ် ငွေလဲလှယ်ခြင်း သို့မဟုတ် ငွေချေးသက်သေခံလက်မှတ် လဲလှယ်ခြင်းများအတွက် အခြားသောအစီအစဉ်များ အပါအဝင် စာရင်းရှင်းလင်းခြင်း (clearing and settlement) များ လွယ်ကူချောမွေ့စေရန် စနစ်များ။

(ခ) ဗဟိုဘဏ်သည် အများပြည်သူအကျိုးအတွက် ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်တစ်ရပ်ရပ်ကို **"သတ်မှတ်ထားသော ငွေပေးချေမှုစနစ်တစ်ရပ်"** အဖြစ်ကြေညာနိုင်ပြီး အများပြည်သူအကျိုးအတွက် ငွေပေးချေမှုစနစ်သတ်မှတ်ရန် သင့်/မသင့် အောက်ပါကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရမည် -

(၁) ငွေပေးချေမှုစနစ် သို့မဟုတ် ယင်းစနစ်၏ငွေပေးချေမှု စာချုပ်စာတမ်းများမှဖြစ်ပေါ်လာသော သို့မဟုတ် ပေါ်ပေါက်လာသောစနစ်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေ (systemic risk)၊

(၂) ငွေပေးချေမှုစနစ်တွင် ပါဝင်ဆောင်ရွက်သူများနှင့် အသုံးပြုသူများအား ငွေပေးချေမှုစနစ်အရပေးသည့် ငွေရေးကြေးရေးလုံခြုံမှုအဆင့်၊

(၃) နိုင်ငံတွင် ငွေပေးချေမှုစနစ်များ၏ ထိရောက်မှုနှင့် ယှဉ်ပြိုင်မှု၊

(၄) နိုင်ငံ၏ ငွေရေးကြေးရေးစနစ် သို့မဟုတ် ငွေပေးချေမှုစနစ်တွင် ပါဝင်ဆောင်ရွက်သူများနှင့် ၎င်းတို့၏ ဆက်သွယ်ဆောင်ရွက်သူများအတွက် အကောင်းဆုံးရရှိမည့် အကျိုးအမြတ်။

(ဂ) ငွေပေးချေမှုစနစ်တစ်ရပ်မသတ်မှတ်မီ ဗဟိုဘဏ်သည် ငွေပေးချေမှုစနစ်တွင် ပါဝင်ဆောင်ရွက်သူများနှင့်လည်းကောင်း ငွေပေးချေမှုစနစ်သတ်မှတ်ခြင်း၏ အကျိုးသက်ရောက်မှုနှင့် စပ်လျဉ်း၍ သက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေးရမည်။

(ဃ) ဗဟိုဘဏ်သည် သတ်မှတ်သည့် ငွေပေးချေမှုစနစ်အား စီမံခန့်ခွဲမည့်သူနှင့် စနစ်တွင်ပါဝင်သူများအား သတ်မှတ်ခြင်းကို ချက်ချင်းအကြောင်းကြားရမည်။

(င) ငွေပေးချေမှုစနစ်တစ်ရပ်သတ်မှတ်ခြင်းသည် အများပြည်သူအတွက် ဆက်လက်အကျိုးမရှိကြောင်း ဗဟိုဘဏ်ကယူဆလျှင် ငွေပေးချေမှုစနစ် သတ်မှတ်ခြင်းကို ပြန်လည်ရုပ်သိမ်းနိုင်သည်။

(စ) ငွေပေးချေမှုစနစ်တစ်ရပ် သတ်မှတ်ခြင်း သို့မဟုတ် ပြန်လည်ရုပ်သိမ်းခြင်းကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာရမည်။

**ဗဟိုဘဏ်၏ ထပ်တိုး လုပ်ပိုင်ခွင့်အာဏာများ**

၁၄၄။ (က) ငွေပေးချေမှုအဖြစ် အသုံးပြုသော ချက်လက်မှတ်များနှင့် အခြားကိရိယာများကို စာရင်းရှင်းလင်းရန်အလို့ငှာ ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စာရင်းရှင်းလင်းရေးအဖွဲ့ (clearing house) များကိုလိုအပ်သည်ဟု ထင်မြင်သည့်နေရာများတွင် ဖွဲ့စည်းတည်ထောင်နိုင်သည်။

(ခ) ဗဟိုဘဏ်သည် စာရင်းရှင်းလင်းရေးစနစ် (clearing and settlement system) နှင့် စာရင်းရှင်းလင်းရေးအဖွဲ့များ (clearing houses) နှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါ ဆောင်ရွက်ချက်များအားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဗဟိုဘဏ်က သတ်မှတ်သောစည်းကမ်းချက်များအတိုင်း ဆောင်ရွက်ရန် အခွင့်အာဏာရှိသည် -

(၁) ဆုံးရှုံးမှုမျှဝေကျခံခြင်း (loss-sharing mechanism) အပါအဝင် ဗဟိုမှ ပြန်လှန်စာရင်းရှင်းလင်းသူအဖြစ် (Central counter-party) ပါဝင်ဆောင်ရွက်ခြင်း၊

(၂) ငွေရေးကြေးရေးရရန်ပိုင်ခွင့်များကို ထိန်းသိမ်းပေးသူအဖြစ်လည်းကောင်း သို့မဟုတ် စာရင်းရှင်းလင်းရေးကိုယ်စားလှယ်အဖြစ်လည်းကောင်း ဆောင်ရွက်ခြင်း သို့မဟုတ် နှစ်ခုလုံးကို ဆောင်ရွက်ခြင်း၊

(၃) စာရင်းရှင်းလင်းရေးအဖွဲ့ (clearing house) မှဖြစ်စေ၊ ပါဝင်ဆောင်ရွက်သူမှဖြစ်စေ၊ ဗဟိုမှ ပြန်လှန်စာရင်းရှင်းလင်းသူမှဖြစ်စေ အပ်နှံငွေများ လက်ခံခြင်းနှင့် အတိုးပေးချေခြင်း၊

(၄) ပါဝင်ဆောင်ရွက်သူများအား နေ့ချင်း ငွေကြေးလိုအပ်ချက်ပမာဏ ဖြည့်ဆည်းပေးခြင်း။

**အသားတင်ခြားနားချက် သဘောတူစာချုပ်များ၏ တရားဝင်တည်ရှိမှု** (Validity of Netting Agreements)

၁၄၅။ လူမွဲစာရင်းခံယူမှုနှင့် သက်ဆိုင်သော အခြားဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ဆိုစေကာမူ ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ဗဟိုဘဏ်သည် အသားတင်ရှင်းလင်းခြင်း သဘောတူစာချုပ် (netting agreement) တစ်ခုတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ပါက ငွေရေးကြေးရေးအဖွဲ့အစည်းမှုဖြစ်စေ၊ ဗဟိုဘဏ်မှုဖြစ်စေ ထိုသဘောတူစာချုပ်အား အကျိုးသက်ရောက်စေရန် ဆောင်ရွက်ရမည်။

**စာရင်းရှင်းလင်းညှိနှိုင်းခြင်းဆိုင်ရာနည်းဥပဒေများတရားဝင်တည်ရှိမှု** (legality of settlement Rules)

၁၄၆။ (က) တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ကိစ္စရပ်များနှင့် မည်သို့ပင်ဆန့်ကျင်စေကာမူ စာရင်းရှင်းလင်းရေးစနစ်၏ စာရင်းရှင်းလင်းရေးနည်းဥပဒေများသည် စာရင်းရှင်းလင်းရေးအဖွဲ့ ပါဝင်ဆောင်ရွက်သူများ၊ ဗဟိုပြန်လှန်စစ်ဆေးရေးအဖွဲ့ဝင်များ (Central counter-party) အပေါ် တရားဝင်ပြီးလိုက်နာရန် တာဝန်ရှိသည်။

(ခ) ပေးဆပ်မှုတစ်ခုအတွက် အာမခံထားသည့် အပေါင်ပစ္စည်း သို့မဟုတ် သတ်မှတ်ထားသည့် စာရင်းရှင်းလင်းရေးစနစ်တွင် ဖြစ်ပေါ်သည့် ပေးရန်တာဝန်ရှိမှုကို ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်သူ၊ စာရင်းရှင်းလင်းရေးအဖွဲ့၊ ဗဟိုမှပြန်လှန်စာရင်းရှင်းလင်းသူ အဖွဲ့ဝင်များ သို့မဟုတ် ဗဟိုဘဏ်၏အခွင့်အရေးနှင့် သက်သာခွင့်များသည် လူမွဲစာရင်းခံယူခြင်း တရားစွဲဆိုခြင်းကြောင့် ထိခိုက်မှုမရှိစေရ။ ထို့ပြင် ဆိုင်းငံ့ထားသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ် (stay provision) သို့မဟုတ် အပေါင်ပစ္စည်းနှင့်စပ်လျဉ်း၍ မြီရှင်၏ကျင့်သုံးနိုင်သည့် အခွင့်အရေးနှင့်သက်သာခွင့်များ ဆောင်ရွက်နိုင်စွမ်းကို ထိခိုက်စေသည့် အမိန့်တစ်ရပ်ရပ်ကို သက်ဆိုင်ခြင်းမရှိစေရ။

**အီလက်ထရောနစ်နည်းဖြင့် ချက်လက်မှတ်များတင်ပြခြင်း** (Electronic Presentment of Cheques)

၁၄၇။ (က) လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများ ဥပဒေ သို့မဟုတ် တည်ဆဲချက်လက်မှတ်ဆိုင်ရာ ဥပဒေများတွင် မည်သို့ပင်ဆိုစေကာမူ ဘဏ်သည် ဗဟိုဘဏ်မှသတ်မှတ်သည့်အတိုင်း ချက်လက်မှတ်ပုံရိပ်နှင့် သို့မဟုတ် အီလက်ထရောနစ်ငွေပေးချေမှုသတင်းကို တစ်ဆင့်ပေးပို့ခြင်းဖြင့် (ဤမှနောက်တွင် **“အီလက်ထရောနစ်နည်းဖြင့် စာရင်းသွင်း၍ရသည့်ချက် truncated cheque”** ဟု ခေါ်တွင်မည်။) ထုတ်ယူမည့် ငွေပေးချေမှုအတွက် ဘဏ်သို့ အီလက်ထရောနစ်နည်းလမ်းဖြင့် ချက်လက်မှတ်တင်ပြနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ချက်လက်မှတ်ကို အီလက်ထရောနစ်နည်းဖြင့်တင်ပြရာတွင် ဘဏ်သည် အခြားဘဏ် သို့မဟုတ် စာရင်းရှင်းလင်းရေးအဖွဲ့ အပါအဝင် ဝန်ဆောင်မှုလုပ်ငန်း ပံ့ပိုးသူ တတိယပုဂ္ဂိုလ် (third party service provider) မှတစ်ဆင့် အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဆောင်ရွက်နိုင်သည်။ ယင်းဝန်ဆောင်မှုပေးသူကို ဘဏ်၏ကိုယ်စားလှယ်အဖြစ် မှတ်ယူရမည်။

(ဂ) ချက်လက်မှတ်ပုံရိပ် သို့မဟုတ် အီလက်ထရောနစ်နည်းဖြင့် စာရင်းသွင်း၍ရသည့် ချက်လက်မှတ် (truncated cheque) ကို တရားရုံးတစ်ရုံးရုံးတွင်တင်ပြသည့် ချက်လက်မှတ်စာရွက်နှင့် တူညီသည်ဟု အသိအမှတ်ပြုလက်ခံရမည်။

(ဃ) ရန်ပုံငွေလွှဲပြောင်းခြင်းကို ချက်လက်မှတ်ပုံရိပ် သို့မဟုတ် အီလက်ထရောနစ်နည်းဖြင့် စာရင်းသွင်း၍ရသည့် ချက်လက်မှတ် (truncated cheque) ဖြင့် တစ်ကြိမ်အစားထိုးပြီးလျှင် မူရင်းချက်လက်မှတ်ကို ထပ်မံ၍ လွှဲပြောင်းခြင်းမပြုနိုင်။

**ငြင်းပယ်သည့် ချက်လက်မှတ်များ** (Dishonored cheques)

၁၄၈။ (က) ဤပုဒ်မနှင့်အညီ ငွေပေးချေမှုအတွက်တင်ပြသော ချက်လက်မှတ်သည် ငွေပေးချေမှုမပြုနိုင်ခြင်းကြောင့် ငြင်းပယ်သည့်အခါ ချက်လက်မှတ်များစုဆောင်းရေးအတွက် ချက်လက်မှတ်ကိုင်ဆောင်သူက လွှဲပြောင်းပေးသည့်ဘဏ်သည် ဗဟိုဘဏ်က ချမှတ်ထားသည့် လိုအပ်ချက်များနှင့်အညီ ကိုင်ဆောင်သူထံသို့ ပြန်လည်ပေးအပ်သည့် စာရွက်စာတမ်းများနှင့်အတူ ချက်လက်မှတ်ပုံရိပ် သို့မဟုတ် အီလက်ထရောနစ်နည်းဖြင့် စာရင်းသွင်း၍ရသည့် ချက်လက်မှတ် (truncated cheque) တစ်မျိုးမျိုးကို ပြန်လည်ပေးအပ်ရမည်။

(ခ) စာတမ်းအမှတ်အသားများနှင့်အတူ ပြန်ပေးသည့်ချက်လက်မှတ်ပုံရိပ် သို့မဟုတ် အီလက်ထရောနစ်နည်းဖြင့် စာရင်းသွင်း၍ရသည့်ချက်လက်မှတ် (truncated cheque) ကို သက်ဆိုင်သည့် ချက်လက်မှတ်ဟု မှတ်ယူရမည်။

**ချက်လက်မှတ်ပုံရိပ်နှင့် ကိုင်တွယ်၍ရသည့်ချက်လက်မှတ်** (Physical cheque) **ကို ဆက်လက်ထိန်းသိမ်းထားခြင်း** (Retention of cheque image and Physical cheque)

၁၄၉။ (က) ဘဏ်သည် ချက်လက်မှတ်ပုံရိပ် (image) ကို အီလက်ထရောနစ်နည်းဖြင့် တင်ပြသည့်နေ့မှ အနည်းဆုံး ခုနစ်နှစ်ထိ သိမ်းဆည်းထားရမည်။

(ခ) ဘဏ်သည် ကိုင်တွယ်၍ရသည့်ချက်လက်မှတ် (Physical cheque) ကို အီလက်ထရောနစ်နည်းဖြင့် ဘဏ်သို့တင်ပြသည့်နေ့မှ အနည်းဆုံး ခြောက်လသိမ်းဆည်းထားရမည်။

**အီလက်ထရောနစ်တင်ပြခြင်းနှင့်စပ်လျဉ်းသည့်စနစ် နည်းဥပဒေများ** (System Rules) **ပြုလုပ်ရန် လုပ်ပိုင်ခွင့်အာဏာများ**

၁၅၀။ (က) ဗဟိုဘဏ်သည် စာရွက်ဖြင့်ငွေပေးချေမှုကိစ္စများနှင့် အီလက်ထရောနစ်ချက်လက်မှတ်ပုံစံတင်ပြရေးအတွက် သင့်လျော်သော အခြားစာချုပ်စာတမ်းများကို ထိန်းချုပ်ရန်စနစ်နည်းဥပဒေများ (System Rules) နှင့် လုပ်ငန်းဆောင်ရွက်မည့် နည်းဥပဒေများကို ထုတ်ပြန်နိုင်သည်။

(ခ) စာရင်းရှင်းလင်းရေးအဖွဲ့ စည်းမျဉ်းများပုံစံ သို့မဟုတ် အလားတူအစီအစဉ်များအပါအဝင် ဘဏ်များအကြား သဘောတူညီချက်များသည် ဤအခန်းတွင် ချမှတ်ထားသည့်ကိစ္စရပ်အားလုံးကို အကောင်အထည်ဖော်ဆောင်ရွက်မှုအား လွှမ်းမိုးသတ်မှတ်နိုင်ပြီး အမှုသည်များမှ လိုက်နာရန် တာဝန်ရှိသည်။ သို့ရာတွင် စည်းမျဉ်းများဖြင့် ဤကိစ္စရပ်အလို့ငှာ ထုတ်ပြန်ထားသော စနစ်နည်းဥပဒေများ (system rules) သို့မဟုတ် ညွှန်ကြားချက်တစ်ရပ်ရပ်သည် သဘောတူစာချုပ် သို့မဟုတ် အစီအစဉ်တစ်ရပ်ရပ်ဖြင့် အကြောင်းအားလျော်စွာ အစားထိုးရမည်။

(ဂ) ဤအခန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နည်းဥပဒေများ (system rules) နှင့် ညွှန်ကြားချက်များကို ချက်လက်မှတ်အတည်ပြုသူများနှင့် ပေးရန်တာဝန်ရှိသူများအားလုံး လိုက်နာရန် တာဝန်ရှိသည်။

**စည်းမျဉ်းများ၊ ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များ ပြုလုပ်ပိုင်ခွင့်အာဏာ**

၁၅၁။ (က) ဗဟိုဘဏ်သည် ဤအခန်းပါ ပြဋ္ဌာန်းချက်များကို နည်းလမ်းတကျထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ စီမံခန့်ခွဲရေးနှင့် အတည်ဖြစ်အောင်ပြုလုပ်ရေးအတွက် အောက်ဖော်ပြပါ စည်းမျဉ်းများ၊ ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များကို ထုတ်ပြန်နိုင်သည် -

(၁) ငွေပေးချေမှု မူဝါဒကို ပြီးမြောက်အောင်ဆောင်ရွက်ခြင်း၊ ငွေပေးချေမှုစနစ်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေကို ထိန်းချုပ်ကွပ်ကဲခြင်းနှင့် သေချာမှုရှိသည့် စာရင်းရှင်းလင်းမှုကို အောင်မြင်မှုရရှိစေခြင်း၊

(၂) ငွေကြေးမူဝါဒကို စနစ်တကျနှင့် စွမ်းရည်ပြည့်ဝစွာ ချမှတ်ဆောင်ရွက်ရေးအတွက် ဗဟိုဘဏ်များနှင့် အခြားငွေရေးကြေးရေးအဖွဲ့အစည်းများမှ ဗဟိုဘဏ်သို့ပေးပို့မည့် လိုအပ်သော စာရင်းအင်းဆိုင်ရာ သတင်းအချက်အလက်များ၊

(၃) ဗဟိုဘဏ်က လုပ်ငန်းဆောင်ရွက်သည့် ငွေပေးချေမှုစာရင်းရှင်းလင်းခြင်းစနစ်အားလုံးကို ဗဟိုဘဏ်တွင် ထိန်းသိမ်းထားသည့် ငွေစာရင်းများမှတစ်ဆင့် ကြည့်ရှုစစ်ဆေးခြင်း၊

(၄) ငွေကြေးဝန်ဆောင်မှုပေးသူများနှင့် ငွေပေးချေမှုစနစ်များကို သတ်မှတ်ခြင်း၊ လိုင်စင်ခွင့်ပြုခြင်းနှင့် ကြီးကြပ်ခြင်း၊

(၅) ချက်လက်မှတ်များ တရားဝင်တင်ပြခြင်း (valid presentment)၊ စုဆောင်းကောက်ခံခြင်း (Collection)၊ ချက်လက်မှတ်များ ဆက်လက်ထိန်းသိမ်းခြင်း (retention of cheques)၊ ငြင်းပယ်သော ချက်လက်မှတ်များတင်ပြခြင်း (dishonour of cheque) အတွက် လိုအပ်ချက်များအပါအဝင် အီလက်ထရောနစ်နည်းဖြင့် ချက်လက်မှတ်တင်ပြခြင်းဆိုင်ရာ ကိစ္စရပ်များအားလုံးနှင့် ဘဏ်မန်နေဂျာများ၏ တာဝန်များ။

( ခ ) ငွေပေးချေခြင်းနှင့် စာရင်းရှင်းလင်းခြင်းလုပ်ငန်းများတွင် ဆောင်ရွက်သူများသည် ဗဟိုဘဏ်က ထုတ်ပြန်ထားသည့် စည်းမျဉ်းများနှင့် ညွှန်ကြားချက်၊ လမ်းညွှန်ချက်များကို လိုက်နာရမည်။

**ဤအပိုင်းအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်**

၁၅၂။ ဤအခန်းပါ ရည်ရွယ်ချက်အလို့ငှာ **"ပေးချေခြင်းဝန်ဆောင်မှုလုပ်ငန်းကိုပံ့ပိုးသူ** (Payment Service Provider)**"** ဆိုရာတွင် ငွေကြေးဝန်ဆောင်မှု ပံ့ပိုးပေးသူ (money service providers)၊ ငွေပေးချေမှု စာချုပ်စာတမ်းထုတ်ပေးသူများ (payment instrument issuers) နှင့် ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် လုပ်ငန်းဆောင်ရွက်သူများ (payment system operators) ပါဝင်သည်။

## အခန်း (၁၉)

## ချေးငွေဆိုင်ရာ သတင်းအချက်အလက် (Credit Information)

**ချေးငွေဆိုင်ရာ သတင်းအချက်အလက်ဌာန (Credit Bureau) နှင့်စပ်လျဉ်း၍ ဘဏ်၏လုပ်ပိုင်ခွင့် အာဏာများ**

၁၅၃။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၇၅ အပြင် ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် ချေးငွေဆိုင်ရာ သတင်းအချက်အလက်နှင့် သက်ဆိုင်သည့်ကိစ္စရပ်များနှင့် သက်ဆိုင်စေရမည်။

( ခ ) ဗဟိုဘဏ်သည် မြန်မာနိုင်ငံရှိ ဘဏ်လိုင်စင်ရအဖွဲ့အစည်းအားလုံး၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ (NBFIs) နှင့် အခြားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ဆက်သွယ်ဆောင်ရွက်သူများ၏ ချေးငွေပြန်လည်ပေးဆပ်မှုမှတ်တမ်းနှင့် စပ်လျဉ်း၍ သတင်းအချက်အလက်များစုဆောင်းပြီး ပြန်လည်ဖြန့်ဖြူးပေးသည့် ချေးငွေသတင်းအချက်အလက်ဌာန တစ်ခုကို တည်ထောင်နိုင်သည်။

( ဂ ) ဗဟိုဘဏ်သည် ငွေချေးပေးရန်ထိုက်တန်သူဖြစ်ကြောင်း ရည်ညွှန်းပေးသည့်စနစ် (credit reference system) အရ လိုအပ်သည့် သတင်းအချက်အလက်များကို အစီရင်ခံတင်ပြရန် ချေးငွေထုတ်ချေးသည့် လုပ်ငန်းဆောင်ရွက်နေသည့် ချေးငွေအဖွဲ့အစည်းတစ်ရပ်ရပ်နှင့် အခြားအဖွဲ့အစည်းတစ်ရပ်ရပ်တို့အား ညွှန်ကြားနိုင်သည်။

(ဃ) ဘဏ်လိုင်စင်ရ အဖွဲ့အစည်းများ၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ (NBFIs) နှင့် အခြားအဖွဲ့အစည်းများသည် ချေးငွေသတင်းအချက်အလက်ဌာနသို့တင်ပြသော ၎င်းတို့၏ ဆက်သွယ်ဆောင်ရွက်သူများ၏ သတင်းအချက်အလက်များမှန်ကန်မှုရှိ/မရှိ သေချာစွာ ဆောင်ရွက်ရန်နှင့် ထိုအဖွဲ့အစည်းများ၏ ဆက်သွယ်ဆောင်ရွက်သူများက ပေးပို့တင်ပြသည့် မည်သည့် မှားယွင်းသည့် သတင်းအချက်အလက်ကိုမဆို အမှန်ရောက်အောင် ပြုပြင်နိုင်သည့် အဆင့်များကို ချက်ချင်းဆောင်ရွက်ရမည်။

**ပုဂ္ဂလိက ချေးငွေသတင်းအချက်အလက်ဌာနများ (Private Credit Bureaus) အားကြပ်မတ်ကွပ်ကဲခြင်း**

၁၅၄။ (က) ဗဟိုဘဏ်သည် ဘဏ်လိုင်စင်ရအဖွဲ့အစည်းများ၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ (NBFIs) နှင့် ဇယားဝင်အဖွဲ့အစည်း (scheduled institution) များ၏ သတင်းအချက်အလက်များကို စိစစ်အကဲဖြတ်နိုင်သည့် ပုဂ္ဂလိကချေးငွေသတင်းအချက်အလက်ဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုကို ကြပ်မတ်ကွပ်ကဲရမည့်အပြင် လိုင်စင်ထုတ်ပေးရမည့် အခွင့်အာဏာရှိသည်။

(ခ) မည်သူမျှ ဗဟိုဘဏ်ကထုတ်ပေးသည့် တရားဝင်လိုင်စင်မရှိဘဲ ပုဂ္ဂလိကချေးငွေသတင်းအချက်အလက်ဌာန (Private Credit Bureaus) တစ်ခုကို တည်ထောင်လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

**ချေးငွေသတင်းအချက်အလက်ဌာန၏သတင်းအချက်အလက်ကိုအသုံးပြုခြင်း**(use of credit bureau information)

၁၅၅။ ဗဟိုဘဏ်သည် ချေးငွေသတင်းအချက်အလက်ဌာနထံမှ လိုအပ်သော သတင်းအချက်အလက်များကို ရယူနိုင်သည်။

**ပြစ်မှု**

၁၅၆။ ပုဂ္ဂလိကချေးငွေသတင်းအချက်အလက် (private credit bureau) ဌာနတစ်ခုခုသည် စားသုံးသူကာကွယ်ရေး (consumer protection) စည်းမျဉ်းများကို အကြိမ်ကြိမ် ချိုးဖောက်ကြောင်းတွေ့ရှိလျှင်သော်လည်းကောင်း၊ ငွေချေးထိုက်သူဖြစ်ကြောင်း ရည်ညွှန်းပေးသည့်စနစ် (credit reference system) က တောင်းဆိုသည့် သတင်းအမှန်များကိုပေးရန် ပျက်ကွက်လျှင်သော်လည်းကောင်း ဗဟိုဘဏ်သည် ဒဏ်ငွေချမှတ်ခြင်း သို့မဟုတ် လိုင်စင်ရုပ်သိမ်းခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

**ချေးငွေ သတင်းအချက်အလက်ဌာန၏ စည်းမျဉ်းများ (Regulation of credit Bureau)**

၁၅၇။ ဗဟိုဘဏ်သည် ပုဂ္ဂလိကချေးငွေသတင်းအချက်အလက်ဌာန၊ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ (NBFIs) နှင့် ချေးငွေသတင်းအချက်အလက်ဌာနတွင် ပါဝင်နေသည့် အခြားအဖွဲ့အစည်းများသို့ စနစ်မှန်ကန်မှုရှိရေး၊ ကိန်းဂဏန်းအချက်အလက်များကာကွယ်ရေးနှင့် စားသုံးသူကာကွယ်ရေးတို့အပါအဝင် မိမိသင့်လျော်သည်ဟု ထင်မြင်ယူဆသော ကိစ္စရပ်များအတွက် စည်းမျဉ်းများ ထုတ်ပြန်နိုင်သည်။

## အခန်း (၂၀)

## ကင်းလွတ်ခွင့်၊ အခကြေးငွေ ပြန်လည်ရရှိခြင်း၊ ဘဏ်ပိတ်ရက်များနှင့် တရားရေးဆိုင်ရာ ပြန်လည်ဆန်းစစ်သုံးသပ်ခြင်း (Judicial Review) တို့အတွက် လုပ်ပိုင်ခွင့်အာဏာ

**ကင်းလွတ်ခွင့်ပြုရန် ဗဟိုဘဏ်၏ လုပ်ပိုင်ခွင့်အာဏာ**

၁၅၈။ (က) ဗဟိုဘဏ်ဒါရိုက်တာအဖွဲ့သည် ဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်ဖြင့် ပုဂ္ဂိုလ်တစ်ဦးဦး၏ သို့မဟုတ် ပုဂ္ဂိုလ်များ၏အကြောင်းအရာနှင့် ဖော်ပြချက်တို့နှင့်စပ်ဆိုင်သောစာချုပ်စာတမ်းများ (constituent documents) ကို အထူးအခြေအနေ တစ်ရပ်ရပ်တွင် -

(၁) မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးစနစ်၏ ခိုင်မာစိတ်ချရမှုကို အန္တရာယ်မဖြစ်နိုင်ဟုသော်လည်းကောင်း၊

(၂) ထိုသို့ဆောင်ရွက်ခြင်းကြောင့် အများပြည်သူအကျိုးကို မဆန့်ကျင်လျှင်သော်လည်းကောင်း၊ ထည့်သွင်းစဉ်းစား၍

အများပြည်သူသိရှိနိုင်ရန် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေညာ၍ ယင်းသီးခြားပုဂ္ဂိုလ် သို့မဟုတ် အဆင့်အတန်း၊ အမျိုးအစား သို့မဟုတ် ပုဂ္ဂိုလ်များ၏ ဖော်ပြချက်ကို ဤဥပဒေ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်မှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အမိန့်တစ်ရပ်ကို ထုတ်ပြန်ကြေညာပြီးနောက် လက်တွေ့ကျင့်သုံးသည်နှင့် တစ်ပြိုင်နက် ပြည်ထောင်စုလွှတ်တော်ရှေ့မှောက်တွင် တင်ပြအစီရင်ခံရမည်။

**အခကြေးငွေ၊ ကုန်ကျစရိတ် အစရှိသည်များ ပြန်လည်ရယူကောက်ခံခြင်း**

၁၅၉။ (က) သက်ဆိုင်ရာဘဏ်လိုင်စင်ရသည့် အဖွဲ့အစည်းထံမှ ဗဟိုဘဏ်သည် အောက်ပါတို့ကို ကြွေးမြီ တစ်ရပ်အဖြစ် ပြန်လည်ရယူကောက်ခံခွင့်ရှိစေရမည် -

(၁) ပုဒ်မ ၁၂ အရ ပေးချေရမည့် အခကြေးငွေတစ်ရပ်ရပ်၏ ငွေပမာဏ၊

(၂) ဘဏ်လိုင်စင်ရအဖွဲ့အစည်းက အောက်ဖော်ပြပါ ပုဂ္ဂိုလ်တစ်ဦးဦးအား ပေးချေရမည့် အခကြေးငွေနှင့် ကုန်ကျစရိတ်တစ်ရပ်ရပ် -

(ကက) ပုဒ်မ ၇၇ ပုဒ်မခွဲ (ဆ) အရ ခန့်အပ်သည့်စာရင်းစစ်၊

(ခခ) ဗဟိုဘဏ် သို့မဟုတ် ပုဒ်မ ၈၆ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) အရ ဘဏ်၏ လုပ်ငန်းတစ်ရပ်ရပ်၏ ထိန်းချုပ်မှုရှိသည်ဟု ဗဟိုဘဏ်က မှတ်ယူသည့်ကိစ္စနှင့် စပ်လျဉ်း၍ ဗဟိုဘဏ်က အလုပ်ခန့်ထားသော သို့မဟုတ် ခွင့်ပြုသော ပုဂ္ဂိုလ် တစ်ဦးဦး၊

(ဂဂ) ပုဒ်မ ၈၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၈) အရ ခန့်အပ်သည့်အုပ်ချုပ်သူတစ်ဦး၊

(၃) ဤဥပဒေအရ ဘဏ်လိုင်စင်ရအဖွဲ့အစည်းက ပေးချေရမည့် ငွေရေးကြေးရေးပြစ်ဒဏ် (financial penality) တစ်ရပ်ရပ်။

(ခ) ဤပုဒ်မအရ ပြန်လည်ရရှိမည့် ငွေရေးကြေးရေး ဒဏ်ကြေးငွေတစ်ရပ်ရပ်ကို ပြန်လည်ရရှိရန် ဆောင်ရွက်မှုသည် ထိုသို့ဆောင်ရွက်သည့်နေ့မှ ခြောက်နှစ်ထက် မကျော်လွန်စေရ။

**ဘဏ်ပိတ်ရက်များ ကြေညာခြင်း**

၁၆၀။ (က) ဗဟိုဘဏ်သည် နေ့တစ်နေ့နေ့ သို့မဟုတ် နေ့များကို ဘဏ်ပိတ်ရက်သို့မဟုတ် ဘဏ်ပိတ်ရက် များအဖြစ် မည်သည့်အချိန်တွင်မဆို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဘဏ်ပိတ်ရက်အဖြစ် ကြေညာထားသည့်နေ့တွင် ဗဟိုဘဏ်၏ ခွင့်ပြုချက် မရဘဲ မြန်မာနိုင်ငံရှိ မည်သည့်ဘဏ်မျှ လုပ်ငန်းဆောင်ရွက်ခြင်းမပြုရ။

(ဂ) ပုဒ်မခွဲ (က) အရ ထုတ်ပြန်ကြေညာသည့် ဘဏ်ပိတ်ရက်သည် အများပြည်သူအလုပ်ပိတ်ရက် ဖြစ်ရန် မလိုအပ်ပါ။ ဤပုဒ်မပါ ပြဋ္ဌာန်းချက်သည် အများပြည်သူအလုပ်ပိတ်ရက်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် အခါအားလျော်စွာ အာဏာသက်ရောက်သည့် ပြဋ္ဌာန်းဥပဒေတစ်ခုခုကို ထိခိုက်မှုရှိသည်ဟု မှတ်ယူခြင်းမရှိစေရ။

(ဃ) မြန်မာနိုင်ငံတွင် အခါအားလျော်စွာ အာဏာသက်ရောက်မည့် ပြဋ္ဌာန်းဥပဒေတစ်ခုခုရှိ ဘဏ် ပိတ်ရက်ကို ရည်ညွှန်းကိုးကားချက်တစ်ရပ်ရပ်သည် ဤပုဒ်မအရ ဘဏ်ပိတ်ရက်အဖြစ် သတ်မှတ်ကြေညာသည့် နေ့တစ်နေ့နေ့ ပါဝင်ရမည်ဖြစ်ပြီး အများပြည်သူအလုပ်ပိတ်ရက် များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် အာဏာသက်ရောက်မည့် ပြဋ္ဌာန်းဥပဒေတစ်ရပ်ရပ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အတွင်း ကျရောက်သည့် အများပြည်သူအလုပ်ပိတ်ရက်တစ်ရပ်ရပ်လည်း ပါဝင်စေရမည်။

**တရားရေး ပြန်လည်သုံးသပ်ချက်** (Judicial Review)

၁၆၁။ (က) ဗဟိုဘဏ်နှင့်စပ်လျဉ်း၍ စွဲဆိုတင်သွင်းလာသော အမှုတစ်ခုခုကို စစ်ဆေးစီရင်ပိုင်ခွင့်အာဏာရှိသည့် တရားရုံးတစ်ခုခုသည် ဗဟိုဘဏ်ကသော်လည်းကောင်း သို့မဟုတ် ဗဟိုဘဏ်၏ ကိုယ်စား ဆောင်ရွက်ရန် ဗဟိုဘဏ်က ခန့်အပ်ထားသော ပုဂ္ဂိုလ်တစ်ဦးဦး၊ ဗဟိုဘဏ်၏ ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးဦးကသော်လည်းကောင်း တရားရုံးရှေ့၌ ကြားနာရာ၌ အရေးယူဆောင်ရွက်မှုတစ်ခုနှင့်စပ်လျဉ်းသည့် အောက်ဖော်ပြပါတို့ကို သုံးသပ်ရမည် -

(၁) ဗဟိုဘဏ်သည် ၎င်း၏ဥပဒေအရ လုပ်ပိုင်ခွင့်အာဏာကို ကျော်လွန်ခြင်း ရှိ/မရှိ၊

(၂) ဗဟိုဘဏ်က ဆုံးဖြတ်ရာတွင် လိုက်နာကျင့်သုံးသည့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေအရ ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများနှင့် အဓိကကွဲလွဲပြီး ဆောင်ရွက်ခြင်း ရှိ/မရှိ၊

(၃) ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာ သို့မဟုတ် ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများသည် ဤဥပဒေ၏ အဓိကလိုအပ်ချက်များလိုက်နာရန် ပျက်ကွက်ခြင်း ရှိ/မရှိ၊

(၄) ဗဟိုဘဏ်၏ဆုံးဖြတ်ချက်သည် ဤဥပဒေ သို့မဟုတ် ဗဟိုဘဏ်ဥပဒေ၏ ပြဋ္ဌာန်းချက်များနှင့် သိသာထင်ရှားစွာ ကွဲလွဲမှု ရှိ/မရှိ။

(ခ) အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ဆိုစေကာမူ ဗဟိုဘဏ်၏ အရေးယူဆောင်ရွက်ချက်တစ်ရပ်ရပ်သည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို တရားစွဲဆိုသည့်ကာလအတောအတွင်း ဆိုင်းငံ့ခြင်း သို့မဟုတ် ကန့်သတ်ခြင်းမရှိစေဘဲ ဆက်လက်၍ အကျိုးသက်ရောက်မှုရှိနေရမည် သို့တည်းမဟုတ် အယူခံပိုင်ခွင့်၊ ထပ်မံအယူခံပိုင်ခွင့် သို့တည်းမဟုတ် အယူခံခြင်းနှင့်စပ်လျဉ်း၍ အခြားတရားစွဲဆိုဆောင်ရွက်မှု ရှိစေရမည်။

(ဂ) ဗဟိုဘဏ်က ပြုလုပ်သည့် အရေးယူဆောင်ရွက်မှုတစ်ခုခုအပေါ် တရားရုံးတစ်ရုံးရုံးက သက်သာခွင့် သို့မဟုတ် ပြင်ဆင်ခြင်းပြုလုပ်ပါက ငွေကြေးဖြင့်သာ လျော်စေရမည်။

(ဃ) ဗဟိုဘဏ်အပေါ်ဖြစ်စေ၊ ပုဒ်မခွဲ (က) တွင် ရည်ညွှန်းဖော်ပြသည့် ပုဂ္ဂိုလ်တစ်ဦးဦးအပေါ်ဖြစ်စေ အရေးယူဆောင်ရွက်မှု သို့မဟုတ် တရားစွဲဆိုမှုတစ်ခုခုကို ကြားနာပိုင်ခွင့်ရှိသော သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် ဖြစ်စေရမည်။

**အချို့သော လွှဲပြောင်းခြင်းများအတွက် တံဆိပ်ခေါင်းခွန် ထမ်းဆောင်ခြင်းမှ ကင်းလွတ်ခွင့်များ**

၁၆၂။ ဘဏ်လိုင်စင်ရ အဖွဲ့အစည်း သို့မဟုတ် ယင်းအဖွဲ့အစည်း၏ လက်အောက်ခံကုမ္ပဏီတစ်ခုခု၏ အစုရှယ်ယာများနှင့် ရရန်ပိုင်ခွင့်များကို လွှဲပြောင်းခြင်းအတွက်သော်လည်းကောင်း၊ ပုဒ်မ ၉၆ အရ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အစုရှယ်ယာများနှင့် ရရန်ပိုင်ခွင့်များကို ဗဟိုဘဏ်၏ခွင့်ပြုချက်အရ ရောင်းချခြင်း သို့မဟုတ် ထုခွဲလွှဲပြောင်းခြင်းအတွက်သော်လည်းကောင်း တည်ဆဲတံဆိပ်ခေါင်းခွန် သို့မဟုတ် အခွန်ဥပဒေအရသတ်မှတ်ထားသည့် မည်သည့်တံဆိပ်ခေါင်းခွန် သို့မဟုတ် အခွန်မျှပေးဆောင်ခြင်းမပြုရ။

## အခန်း (၂၁)

## အီလက်ထရောနစ် သက်သေခံချက်၊ စာရင်းသေနှင့် စည်းမျဉ်းများ ထုတ်ပြန်ပိုင်ခွင့်

**အီလက်ထရောနစ်စာတမ်းအမှတ်အသားများကို မှန်ကန်ကြောင်း သက်သေခံထင်ရှားစေခြင်း**

၁၆၃။ သက်သေခံဥပဒေ၌ မည်သို့ပင်ပြဋ္ဌာန်းချက်များရှိစေကာမူ အီလက်ထရောနစ်စာတမ်းအမှတ်အသားကို သက်သေခံချက်အဖြစ် တင်သွင်းလိုသူ မည်သူမဆို အီလက်ထရောနစ်စာတမ်းအမှတ်အသားသည် တွေ့ရှိချက်ကို အထောက်အကူပြုနိုင်သည့် သက်သေခံချက်ဖြင့် ယင်း၏မှန်ကန်မှုကို သက်သေပြရန် တာဝန်ရှိသည်။

**အီလက်ထရောနစ် စာတမ်းအမှတ်အသားများအတွက် အကောင်းဆုံးသက်သေခံချက်စည်းမျဉ်း၏ လျှော့ထားချက်**

၁၆၄။ (က) အောက်ပါနည်းလမ်းတစ်ရပ်ရပ်နှင့်ညီညွတ်သော အီလက်ထရောနစ်စာတမ်းအမှတ်အသားကို အကောင်းဆုံးသက်သေခံချက်နည်းလမ်းအဖြစ် လက်ခံနိုင်သည် -

(၁) အီလက်ထရောနစ်စာတမ်းအမှတ်အသားတွင် မှတ်တမ်းတင်ခြင်း သို့မဟုတ် သိမ်းဆည်းခြင်း ပြုထားသော အီလက်ထရောနစ်စာတမ်းအမှတ်အသားများစနစ်၏ ယုံကြည်စိတ်ချရမှုကို သက်သေပြသခြင်း၊

(၂) ပုဒ်မ ၁၅၇ အရ အခိုင်အမာ သက်သေထင်ရှားပြသထားသည်ဟု မှတ်ယူခြင်း။

(ခ) ပုဒ်မခွဲ (က) တွင် မည်သို့ပင်ဆိုစေကာမူ ဆန့်ကျင်ကွဲလွဲသည့် သက်သေခံချက်မတင်ပြနိုင်သည့် ကိစ္စ၌ ပုံနှိပ်စက်မှထုတ်ပေးသောစာသည် မှတ်တမ်းတင်သည့် သို့မဟုတ် သိမ်းဆည်းသည့် သတင်းအချက်အလက်မှတ်တမ်းတစ်ခုအဖြစ် ထင်ရှားစွာ သို့မဟုတ် လိုက်လျောညီစွာ ပြုလုပ်ထားလျှင် ထိုသို့ထုတ်ပေးသော အီလက်ထရောနစ်စာတမ်းအမှတ်အသားစာသည် အကောင်းဆုံး သက်သေခံနည်းလမ်းအဖြစ် ကျေနပ်လက်ခံနိုင်သည်။

**အီလက်ထရောနစ်စာတမ်း အမှတ်အသား၏ မှန်ကန်မှုကို အသိအမှတ်ပြုမှတ်ယူခြင်း**

၁၆၅။ ပုဒ်မ ၁၆၄၊ ပုဒ်မခွဲ (ခ) တွင် ဖော်ပြထားသည့် ရည်ရွယ်ချက်အလို့ငှာ ဆန့်ကျင်ကွဲလွဲ၍ သက်သေခံချက် မတင်ပြနိုင်သည့်ကိစ္စတွင် အီလက်ထရောနစ်စာတမ်းအမှတ်အသားဖြင့်ဖြစ်စေ၊ ထိုအမှတ်အသားတွင်ဖြစ်စေ မှတ်တမ်းတင်ထားသည့် သို့မဟုတ် သိမ်းဆည်းထားသည့် အီလက်ထရောနစ်စာတမ်း အမှတ်အသားများစနစ်၏ မှန်ကန်မှုကို အောက်ပါအထောက်အထားတစ်ရပ်ရပ်ဖြင့် သက်သေထင်ရှား ပြနိုင်သည် -

(က) အီလက်ထရောနစ်စာတမ်းအမှတ်အသားစနစ်တွင် အသုံးပြုသည့် ကွန်ပျူတာစနစ် သို့မဟုတ် အခြားအလားတူပစ္စည်းကိရိယာတို့သည် စနစ်တကျလည်ပတ်နေကြောင်း သို့မဟုတ် ပုံမှန်လည်ပတ်ခြင်းမရှိသော်လည်း အီလက်ထရောနစ်စာတမ်းအမှတ်အသား၏ ဖြောင့်မတ်မှန်ကန်မှုကို ထိခိုက်မှုမရှိကြောင်းနှင့် အီလက်ထရောနစ်စာတမ်းအမှတ်အသားစနစ် ဖြောင့်မတ်မှန်ကန်မှုကို သံသယရှိစေသည့် အထောက်အထားမရှိသည်ကို သက်သေထင်ရှားပြသခြင်း၊

(ခ) အီလက်ထရောနစ် စာတမ်းအမှတ်အသားကို တင်သွင်းလိုသောပုဂ္ဂိုလ်၏ အကျိုးစီးပွားနှင့် ဆန့်ကျင်သော ပုဂ္ဂိုလ်ကမှတ်တမ်းတင်ထားသည့် သို့မဟုတ် သိမ်းဆည်းထားသည့် အီလက်ထရောနစ် စာတမ်းအမှတ်အသားဖြစ်ခြင်း၊ သို့မဟုတ်

(ဂ) အီလက်ထရောနစ်စာတမ်းအမှတ်အသားမှာ တင်သွင်းလိုသော ပုဂ္ဂိုလ်၏ကြီးကြပ်မှုအရ မှတ်တမ်းတင်ခြင်း သို့မဟုတ် သိမ်းဆည်းခြင်းမပြုဘဲ ပုဂ္ဂိုလ်တစ်ဦးက ၎င်း၏ပုံမှန်နှင့်သာမန်လုပ်ငန်းတွင် မှတ်တမ်းတင်ထားသော သို့မဟုတ် သိမ်းဆည်းထားသော အီလက်ထရောနစ်စာတမ်းအမှတ်အသားဖြစ်ခြင်း။

**ထည့်သွင်းစဉ်းစားရမည့် စံနှုန်းများ**

၁၆၆။ (က) အီလက်ထရောနစ်စာတမ်းအမှတ်အသားကို သက်သေခံအဖြစ် လက်ခံနိုင်/မခံနိုင်ဥပဒေ၏ နည်းဥပဒေတစ်ရပ်ရပ်အရ ဆုံးဖြတ်ရန်အလို့ငှာ သက်သေခံချက်ကို အီလက်ထရောနစ် စာတမ်းအမှတ်အသား၏ သဘောသဘာဝနှင့် ရည်ရွယ်ချက်၊ အီလက်ထရောနစ် စာတမ်း အမှတ်အသားကို အသုံးပြုသော သို့မဟုတ် မှတ်တမ်းတင်သော သို့မဟုတ် သိမ်းဆည်းသော လုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်း သို့မဟုတ် ကြိုးပမ်းအားထုတ်မှုပုံစံနှင့် ပတ်သက်မှုရှိခြင်း၊

အီလက်ထရောနစ်စာတမ်း အမှတ်အသားများကို မှတ်တမ်းတင်စေရန် သို့မဟုတ် သိမ်းဆည်းစေရန်နည်းလမ်းနှင့် သက်ဆိုင်သော စံနှုန်း၊ လုပ်ထုံးလုပ်နည်း၊ အလေ့အထ သို့မဟုတ် အလေ့အကျင့်တစ်ရပ်ရပ်ကို တင်ပြခြင်းဖြင့် သက်သေခံအဖြစ် လက်ခံနိုင်သည်။

( ခ ) ဤအခန်း၏ ရည်ရွယ်ချက်အလို့ငှာ ကိန်းဂဏန်းဖြင့်ပြသောပုံစံတွင် သတင်းအချက်အလက်တစ်ရပ်ရပ်ဖြစ်သော **"အီလက်ထရောနစ်စာတမ်းအမှတ်အသား"** ဆိုရာတွင် သတင်းအချက်အလက်၌ အချက်အလက်များ၊ စာသားများ၊ အသံများ၊ သင်္ကေတများ၊ ကွန်ပျူတာအစီအစဉ်များ၊ ကွန်ပျူတာညွှန်ကြားချက်များ သို့မဟုတ် ကွန်ပျူတာထဲတွင် အသင့်သုံးနိုင်ရန်ထည့်ထားသော အချက်အလက်များပါဝင်နိုင်သည်။

**တောင်းခံခြင်းမရှိသော ငွေကြေးများ သို့မဟုတ် စာရင်းသေများဆိုင်ရာ အချက်အလက်များ**

၁၆၇။ (က) ဘဏ်လိုင်စင်ရအဖွဲ့အစည်းတိုင်းသည် ဘဏ္ဍာရေးနှစ်အသီးသီး၏ ပထမလအတွင်း ဗဟိုဘဏ်သို့ ၎င်းထံတွင် ခုနစ်နှစ်ကျော်ကြာသည်အထိ လာရောက်မထုတ်ယူသော စာရင်းသေဆိုင်ရာ အချက်အလက်များကို တင်ပြရမည်။

( ခ ) အဆိုပါကာလ ခုနစ်နှစ် ကုန်ဆုံးချိန်တွင် ဗဟိုဘဏ်သည် ထိုငွေများကို တစ်စုတစ်စည်းတည်းသော ရန်ပုံငွေသို့ လွှဲပြောင်းပေးရမည်။

( ဂ ) ဗဟိုဘဏ်က လိုအပ်သည်ဟုယူဆလျှင် ပိုင်ရှင်ကထုတ်ယူခြင်းမရှိသော ငွေများနှင့် စာရင်းသေများအတွက် လမ်းညွှန်ချက်များ ထုတ်ပြန်နိုင်သည်။

**နည်းဥပဒေ၊ စည်းမျဉ်းများ**

၁၆၈။ (က) ဗဟိုဘဏ်သည် ဤဥပဒေပြဋ္ဌာန်းချက်များကို ပြည့်ဝစွာ အကျိုးသက်ရောက်မှုရှိစေရန် အလို့ငှာလည်းကောင်း၊ ဤဥပဒေ သို့မဟုတ် ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဆောင်ရွက်ရန် သို့မဟုတ် ယင်း၏ရည်ရွယ်ချက်များအောင်မြင်စေရန်အလို့ငှာလည်းကောင်း၊ ဤဥပဒေပြဋ္ဌာန်းချက်များကို ပိုမို၍ကောင်းမွန်စေရန် သို့မဟုတ် ပို၍အဆင်ပြေစွာအကောင်အထည်ဖော်နိုင်စေရန် အလို့ငှာလည်းကောင်း နည်းဥပဒေကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်များကို လိုအပ်သလို အခါအားလျော်စွာ ပြုလုပ်နိုင်သည်။

( ခ ) ပုဒ်မခွဲ (က) ၏ ယေဘုယျသဘောကို ထိခိုက်မှုမရှိစေဘဲ ကြီးကြပ်စစ်ဆေးခြင်း၊ ကြပ်မတ်ကွပ်ကဲခြင်း၊ ကန့်သတ်ခြင်း၊ တားမြစ်ခြင်းတို့နှင့်စပ်လျဉ်း၍ စည်းမျဉ်းများပြဋ္ဌာန်း သတ်မှတ်နိုင်သည်။

## အခန်း (၂၂)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

**ဤဥပဒေအရ ပြစ်မှုများ**

၁၆၉။ (က) ဤဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရဖြစ်စေ၊ ဤဥပဒေပြဋ္ဌာန်းချက်ကို အကြောင်းပြု၍ဖြစ်စေ၊ အပ်နှင်းထားသည့် အာဏာတစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်ရာ၌ ဤဥပဒေပြဋ္ဌာန်းချက်များ သို့မဟုတ် ဖော်ပြချက်၊ ညွှန်ကြားချက်၊ လိုအပ်ချက် သို့မဟုတ် အမိန့်၊ ညွှန်ကြားချက်၊ လမ်းညွှန်ချက် သို့မဟုတ် ပေးပို့သည့် အကြောင်းကြားစာ သို့မဟုတ် ကန့်သတ်ချက်၊ စည်းကမ်း သို့မဟုတ် စည်းကြပ်သည့် ကန့်သတ်ချက်တစ်ရပ်ရပ်ကို ချိုးဖောက်သူမည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ရပ်ကျူးလွန်ခြင်း ဖြစ်စေရမည်။

(ခ) ဤဥပဒေပုဒ်မ ၇၊ ၁၆၊ ၁၈၊ ၂၀၊ ၂၄၊ ၃၅ (က)၊ ၃၅ (ခ)၊ ၆၈၊ ၇၀၊ ၇၇၊ ၇၉ (က)၊ ၈၉၊ ၁၃၇၊ ၁၃၉ နှင့် အခန်း ( ) ပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်သူ မည်သူမဆို ထောင်ဒဏ် ၅ နှစ်ဖြစ်စေ၊ ဒဏ်ငွေ (. . . . ) ကျပ်၊ (အမေရိကန်ဒေါ်လာ ငါးသန်းဖြစ်စေ) ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

(ဂ) ပုဒ်မ ၁၁၊ ၁၂၊ ၁၄၊ ၁၅၊ ၁၉၊ ၂၁၊ ၂၅၊ ၂၆၊ ၃၉၊ ၄၁၊ ၄၈၊ ၄၉၊ ၅၀၊ ၅၁၊ ၆၆၊ ၆၇၊ ၇၁၊ ၇၅၊ ၇၆၊ ၈၁၊ ၁၅၂၊ ၁၆၁၊ အခန်း (၇)နှင့် (၈) ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်သည့် မည်သူမဆို ပြစ်ဒဏ်ကျခံရပါက ဒဏ်ငွေ × × × ကျပ် (အမေရိကန်ဒေါ်လာ ၁,၀၀၀,၀၀၀)နှင့် ဆက်လက်ချိုးဖောက်မှုအတွက် တစ်နေ့လျှင် × × × ကျပ် (အမေရိကန်ဒေါ်လာ ၁၀၀,၀၀၀) ကျခံစေရမည်။

(ဃ) ပုဒ်မ ၁၃၄ နှင့် ၁၃၅ ပါ အချက်များကို ဖောက်ဖျက်သူ မည်သူမဆိုနှင့် ပြစ်မှုထင်ရှား စီရင်ခြင်း ခံရသူ မည်သူမဆိုသည် ထောင်ဒဏ် (၂) နှစ်သော်လည်းကောင်း၊ ငွေဒဏ် (၅) သိန်းသော် လည်းကောင်း ပြစ်ဒဏ်ကျခံရမည်။

**စီမံခန့်ခွဲမှုပြစ်ဒဏ်များ**

၁၇၀။ (က) သီးခြားပြဋ္ဌာန်းသတ်မှတ်ထားခြင်းမရှိသော ဤဥပဒေအရ ပြစ်မှုများအတွက် စီမံခန့်ခွဲမှုပြစ်ဒဏ်များကို ဗဟိုဘဏ်က သတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ပြဋ္ဌာန်းသည့် စီမံခန့်ခွဲမှု ပြစ်ဒဏ်သတ်မှတ်ခြင်းကို ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက ဆုံးဖြတ်ရမည်။

(ဂ) ပြစ်ဒဏ်ချမှတ်ခံရသော နစ်နာသူမည်သူမဆို ဗဟိုဘဏ်၏ ဒါရိုက်တာအဖွဲ့သို့ ပြစ်ဒဏ်ကျခံရသည့် နေ့မှရက်ပေါင်း (၃၀) အတွင်း အယူခံဝင်နိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ အယူခံအပေါ် ဗဟိုဘဏ်ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးသတ်ဖြစ်စေရမည်။

(င) ဤဥပဒေအရ စီမံခန့်ခွဲမှုပြစ်ဒဏ်သည် တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ အရေးယူဆောင်ရွက်မှုကို ဟန့်တားပိတ်ပင်ခြင်းမရှိစေရ။

(စ) စီမံခန့်ခွဲမှုပြစ်ဒဏ်အရ ကောက်ခံရရှိမှုများသည် ဗဟိုဘဏ်၏ ရန်ပုံငွေအစိတ်အပိုင်းတစ်ရပ် ဖြစ်စေရမည်။

**အားထုတ်မှု၊ အားပေးကူညီမှုနှင့် ပူးပေါင်းကြံစည်မှု**

၁၇၁။ (က) မည်သူမဆို -

(၁) ဤဥပဒေအရ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်လျှင်၊

(၂) ဤဥပဒေအရ ပြစ်မှုတစ်ရပ်ရပ်ကျူးလွန်ရန် ပြင်ဆင်ခြင်းတွင် သို့မဟုတ် နောက်ထပ် ကျူးလွန်ခြင်းတွင် ပါဝင်ဆောင်ရွက်လျှင်၊

(၃) ဤဥပဒေအရ ပြစ်မှုတစ်ရပ်ရပ်သည် ကျူးလွန်ပြီးသည်ဖြစ်စေ၊ မကျူးလွန်သည်ဖြစ်စေ၊ (ရာဇသတ်ကြီးတွင် ဖွင့်ဆိုထားသော စကားရပ်များအတိုင်း) ကျူးလွန်ရန် အားပေးကူညီလျှင် သို့မဟုတ် ရာဇဝတ်မကင်းသော ပူးပေါင်းကြံစည်မှုပြုလျှင်၊

အဆိုပါပြစ်မှုကို ကျူးလွန်ခြင်းဖြစ်ပြီး ယင်းပြစ်မှုအတွက် သတ်မှတ်ထားသော ပြစ်ဒဏ်အတိုင်း ကျခံရန် တာဝန်ရှိစေရမည်။

(ခ) ဤဥပဒေပါ သီးခြားပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ပြစ်မှုတစ်ရပ်ကို ရည်ရွယ်ချက်ပါဝင်သည့် မည်သည့်ပြဋ္ဌာန်းချက်မဆို အဆိုပါ သီးခြားပြဋ္ဌာန်းချက်အရ ပြစ်မှုနှင့်စပ်လျဉ်း၍ ပုဒ်မခွဲ (က) အရ ပြစ်မှုတစ်ခု၏ ရည်ရွယ်ချက်ပါဝင်သည်ဟု မှတ်ယူရမည်။

**ပြစ်မှုများကို ကျေအေးရန် အခွင့်အာဏာ**

၁၇၂။ (က) ဗဟိုဘဏ်ဥက္ကဋ္ဌသည် အစိုးရရှေ့နေ၏ စာဖြင့်ရေးသားသော သဘောတူညီချက်ဖြင့် ဤဥပဒေ ပြဋ္ဌာန်းချက်တစ်ရပ်ရပ် သို့မဟုတ် ဤဥပဒေအရပြုလုပ်သော စည်းမျဉ်းအရ ပြစ်မှုတစ်စုံ တစ်ရာကို လူပုဂ္ဂိုလ်တစ်ဦးဦးက ကျူးလွန်ခဲ့သည်ဟု အကြောင်းအားလျော်စွာ သံသယရှိသူက ပြစ်မှုကို ဆက်လက်ကျူးလွန်သည့်ကိစ္စတွင် နေ့စဉ်ပေးရမည့်ဒဏ်ငွေရှိလျှင် ယင်းဒဏ်ငွေအပါ အဝင် ဒဏ်ငွေပမာဏ၏ ၅၀ ရာခိုင်နှုန်းထက်မပိုသော ပမာဏကို လက်ခံခြင်းဖြင့် သတ်မှတ် ထားသောအချိန်အတွင်း အမှုများကို ကျေအေးရန် ကမ်းလှမ်းနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ကမ်းလှမ်းချက်တစ်ရပ်ရပ်ကို ပြစ်မှုကျူးလွန်ပြီးနောက် မည်သည့်အချိန်တွင် မဆို ပြုလုပ်နိုင်သည့်အပြင် ကမ်းလှမ်းချက်တွင် သတ်မှတ်သည့်အချိန်အတွင်း သို့မဟုတ် ဗဟိုဘဏ်ဥက္ကဋ္ဌက တိုးမြှင့်ပေးသည့်အချိန်အတွင်း ကမ်းလှမ်းချက်ပါ ငွေပမာဏကိုမပေးသည့် အခါ ပြစ်မှုအတွက် တရားစွဲဆိုမှုကို အချိန်မရွေးပြုလုပ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ငွေပမာဏတစ်ရပ်ကို လက်ခံရရှိသည့်အခါ အမှုနှင့်စပ်လျဉ်း၍ တရားစွဲဆို ဆောင်ရွက်ခြင်းမပြုစေရ။

(ဃ) ဤပုဒ်မပါ မည်သည့်အချက်ကမျှ ထပ်မံကျူးလွန်သော ပြစ်မှုတစ်စုံတစ်ရာကို ကျေအေးရန် အခွင့်အာဏာ မဖြစ်စေရ။

(င) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဗဟိုဘဏ်သို့ပေးရသည့် ဒဏ်ကြေးတစ်စုံတစ်ရာကို တစ်စုတစ်ပေါင်းတည်း ပေးသွင်းရမည်။

## အခန်း (၂၃)

## ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်း၊ ကြားကာလနှင့် အထွေထွေပြဋ္ဌာန်းချက်များ

**ကြားကာလ ပြဋ္ဌာန်းချက်**

၁၇၃။ မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥပဒေအမှတ် ၁၆/၉၀) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

၁၇၄။ ဘဏ် သို့မဟုတ် ဖွံ့ဖြိုးရေးဘဏ် သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုဘဏ်တစ်ခု၏ ဘဏ်လိုင်စင်ရအဖွဲ့အစည်း တိုင်းသည် ဤဥပဒေအကျိုးသက်ရောက်သည့်နေ့မှ ခြောက်လအတွင်း ယင်း၏ ဘဏ်လိုင်စင်ကို ဗဟိုဘဏ်သို့ ပြန်လည်အပ်နှံရမည်။ ဗဟိုဘဏ်သည် မိမိသင့်လျော်သည်ဟုယူဆသည့် စည်းကမ်းချက်များဖြင့် ဤဥပဒေ ပုဒ်မ ၇ အရ ကူးသန်းရောင်းဝယ်ရေးဘဏ် သို့မဟုတ် ဖွံ့ဖြိုးရေးဘဏ် သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုဘဏ်သို့ လိုင်စင်အသစ် ထုတ်ပေးရမည်။

၁၇၅။ ဤဥပဒေ အာဏာသက်ရောက်သည့်နေ့တွင် ဘဏ်လိုင်စင်ရအဖွဲ့အစည်းတိုင်းသည် အစုရှယ်ယာဝင် များ၏ စာရင်းတစ်ရပ်နှင့် အရေးပါသော ပိုင်ဆိုင်မှုတစ်ရပ်ကို ပိုင်ဆိုင်သူ အသီးသီးအတွက် အကျိုးခံစားခွင့် ရှိသူနှင့် ယင်းတို့၏ ပိုင်ရှင်များဆိုင်ရာ အခြားသော သတင်းအချက်အလက်၊ အသေးစိတ်အနေဖြင့် ဗဟိုဘဏ်၏ တောင်းဆိုမှုအတိုင်း ဤဥပဒေအာဏာသက်ရောက်သောနေ့မှ တစ်နှစ်အတွင်း ဗဟိုဘဏ်သို့ ပေးပို့ရမည်။

၁၇၆။ ရုပ်သိမ်းသည့် ဥပဒေအရ ဗဟိုဘဏ်၏ ဆောင်ရွက်ချက်အားလုံးသည် ဤဥပဒေအရ ဗဟိုဘဏ်မှ အတိအလင်းပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းမပြုလျှင် ဆက်လက်အာဏာသက်ဝင်စေရမည်။

၁၇၇။ ရုပ်သိမ်းသည့် ဥပဒေအရ သို့မဟုတ် ရုပ်သိမ်းသည့် ဥပဒေကို အကြောင်းပြု၍ ထုတ်ပြန်သော စည်းမျဉ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်၊ အမိန့်ကြော်ငြာစာနှင့် တစ်ဆင့်ခံ ဥပဒေပြုခြင်းများ အားလုံးကို ဤဥပဒေအရ သို့မဟုတ် ဤဥပဒေကို အကြောင်းပြု၍ ထုတ်ပြန်ခဲ့သည်ဟု မှတ်ယူရမည့်အပြင် ဤဥပဒေကို အကြောင်းခံ၍ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်း၊ အစားထိုးခြင်းမပြုသမျှ ဆက်လက်၍ တည်မြဲပြီး အကျိုး သက်ရောက်မှုရှိစေရမည်။

၁၇၈။ လိုင်စင်သဘောတူညီချက် သို့မဟုတ် ခွင့်ပြုချက်တစ်ရပ်အတွက်ဖြစ်စေ၊ အခြားမည်သည့် ကိစ္စ အတွက်ဖြစ်စေ လျှောက်ထားချက်တစ်ခုခု သို့မဟုတ် တစ်စုံတစ်ဦးမှ ရုပ်သိမ်းသည့် ဥပဒေအရ ဗဟိုဘဏ်သို့ တင်သွင်းသည့် အယူခံတစ်ရပ်ရပ်နှင့် အကျိုးသက်ဆိုင်သည့်နေ့မတိုင်မီ အနီးကပ်ဆုံးဖြစ်သော ဆောင်ရွက်ဆဲ ကိစ္စရပ်များသည် ဤဥပဒေနှင့် လိုက်လျောညီထွေဖြစ်သည့် ပြဋ္ဌာန်းချက်ဖြစ်လျှင် ယင်းပြဋ္ဌာန်းချက်အရ ပြုလုပ်ခြင်းဖြစ်သည်ဟုမှတ်ယူရမည်။ ဤပြဋ္ဌာန်းချက်နှင့် လိုက်လျောညီထွေမရှိလျှင် အကျိုးသက်ရောက်သည့် နေ့တွင် သက်တမ်းကုန်ဆုံးစေရမည်။

၁၇၉။ ရုပ်သိမ်းသည့် ဥပဒေအရ လိုင်စင်ရသူတစ်ဦးက ၎င်းဥပဒေနှင့်အညီ ဘဏ်စာရင်းဖွင့်ထားသူတစ်ဦးဦး သို့မဟုတ် အခြားဆက်သွယ်ဆောင်ရွက်သူ၊ မြီစား၊ မြီရှင် သို့မဟုတ် အခြားသူတို့နှင့် ဥပဒေအရ ချုပ်ဆိုခဲ့သော အရောင်းအဝယ်စာချုပ်များ၊ ဆက်သွယ်ရောင်းဝယ်မှုများအားလုံးနှင့် ဥပဒေအရ ပြုလုပ်ခဲ့သော စီးပွားရေး လုပ်ငန်းများအားလုံးကို ဤဥပဒေနှင့်အညီ တရားဝင်ပြုလုပ်ချုပ်ဆိုခဲ့သည်ဟု မှတ်ယူရမည့်အပြင် အလားတူ အကျိုးသက်ရောက်သည့်နေ့မတိုင်မီ အနီးကပ်ဆုံးတည်ဆဲဖြစ်သည့် အဆိုပါ ရောင်းဝယ်မှုများနှင့် စီးပွားရေး လုပ်ငန်းတစ်ရပ်ရပ်အရ အခွင့်အရေး သို့မဟုတ် တာဝန်ရှိမှုတစ်ခုခုကိုလည်း ဤဥပဒေအရ ဆက်လက် တရားဝင်အတည်ဖြစ်သည်ဟု မှတ်ယူရမည်။

၁၈၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဗဟိုဘဏ်သည် လိုအပ်သော စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၄/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက် )

**တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် ၄၇။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန် ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊

ညွှန်ကြားရေးမှူးချုပ်၊

ပြည်ထောင်စုလွှတ်တော်ရုံး။

# တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၇။ )**

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဦးဆောင်အဖွဲ့ကို ဒုတိယသမ္မတတစ်ဦးအား ဦးဆောင်စေပြီး အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(က) သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊

(ခ) သက်ဆိုင်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊

(ဂ) တောင်သူလယ်သမားများအား ကိုယ်စားပြုသော အဖွဲ့အစည်းများနှင့် သင့်လျော်သော အခြားအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၁၀၅/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် )

**ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက် ရရှိပြီးသကဲ့သို့ မှတ်ယူရမည်ဖြစ်သော **ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့်ဥပဒေ** (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၈။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊

ညွှန်ကြားရေးမှူးချုပ်၊

ပြည်ထောင်စုလွှတ်တော်ရုံး။

# ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့်ဥပဒေ
## ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၈။ )

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်
( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မြို့နယ်အားလုံးနှင့် ကျေးလက်ဒေသမကျန် နှစ်စဉ် ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေကို နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းတို့ကို ရေးဆွဲရာတွင် ပါဝင်လာစေရန်၊"

၃။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) တွင် ပါရှိသော "မြို့နယ်ဦးစီးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန" ဆိုသည့် စကားရပ်ကို "မြို့နယ်ဦးစီးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၆) တွင် ပါရှိသော "မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန" ဆိုသည့် စကားရပ်ကို "မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၄။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(စ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ ထောက်ပံ့ငွေအဖြစ် လွှဲပြောင်းပေးပို့သောငွေကို ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ မြို့နယ်ဘဏ်ခွဲများတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစီအစဉ်အောက်၌ ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ ထောက်ပံ့ငွေအမည်ဖြင့် ငွေစာရင်းဖွင့်လှစ်ပြီး ငွေထုတ်သူအရာရှိအဖြစ် မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အမှုဆောင်အရာရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်မြို့နယ်ဦးစီးမှူး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ အမည်စာရင်းနှင့် ငွေစာရင်းအမှတ်တို့ကို ဗဟိုကော်မတီသို့ ပေးပို့ခြင်း၊"

၅။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စာရင်းများကို စစ်ဆေးပြီး စာရင်းစစ်အစီရင်ခံစာကို ပြည်ထောင်စုစာရင်းစစ်ချုပ်ထံ တင်ပြရမည်။

(ခ) ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စာရင်းများကိုစစ်ဆေးပြီး စာရင်းစစ်အစီရင်ခံစာကို နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော် နာယကထံ တင်ပြရမည်။"

၆။　ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေပုဒ်မ ၂၀ တွင် ပါရှိသော "နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပုဒ်မ ၁၀၆ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၁၀၇ တို့အရ ဤဥပဒေကို ထုတ်ပြန်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၆/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် )

**၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း) ကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း) ကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း) ကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ**
**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်　။ )**

၁၃၇၆ ခုနှစ်၊　　လ　ရက်

( ၂၀၁၄ ခုနှစ်၊　　လ　ရက် )

**နိဒါန်း**

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ်၊ မေလ ၁၀ ရက်နှင့် ၂၄ ရက်နေ့တို့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒခံယူရာ ဆန္ဒမဲပေးခွင့်ရှိသူများအနက် ၉၈. ၁၂ ရာခိုင်နှုန်းက ဆန္ဒမဲပေးခဲ့ပြီး ယင်းဆန္ဒမဲပေးသူများအနက် ၉၂. ၄၈ ရာခိုင်နှုန်းက အတည်ပြုရန် ထောက်ခံခဲ့သဖြင့် ၂၀၀၈ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ယခုအခါ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ပညာရေးစသည်တို့နှင့်စပ်လျဉ်း၍ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အချို့ကို ပြောင်းလဲပြင်ဆင်ရန် လိုအပ်လာသောကြောင့် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **"၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ"** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း အတည်ပြုနိုင်ရေးအတွက် ကျင်းပသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ကော်မရှင်**ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးအတွက် ဤဥပဒေဖြင့်တာဝန်ပေးအပ်သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ပြည်ထောင်စုကော်မရှင်ကို ဆိုသည်။

(ဃ) **ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲ**ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲကို ဆိုသည်။

(င) **ခရိုင်ကော်မရှင်အဖွဲ့ခွဲ**ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ခရိုင်ကော်မရှင်အဖွဲ့ခွဲကို ဆိုသည်။

(စ) **မြို့နယ်ကော်မရှင်အဖွဲ့ခွဲ**ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး မြို့နယ်ကော်မရှင်အဖွဲ့ခွဲကို ဆိုသည်။

(ဆ) **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ**ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲကို ဆိုသည်။

(ဇ) **နိုင်ငံသား**ဆိုသည်မှာ တည်ဆဲဥပဒေအရ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ပြီးသူကို ဆိုသည်။

(ဈ) **သာသနာ့ဝန်ထမ်း**ဆိုသည်မှာ -

(၁) ဗုဒ္ဓဘာသာဝင်များအတွက်ဖြစ်လျှင် ဗုဒ္ဓဘာသာသာသနာ့ဝန်ကို ထမ်းရွက်နေသော ရဟန်း၊ သာမဏေ၊ ဖိုးသူတော်နှင့် မယ်သီလတို့ကို ဆိုသည်။
**ရှင်းလင်းချက်။** သာသနာ့ဝန်ထမ်းဟု ဆိုရာတွင် သာသနာ့ဝန်ထမ်းအဖြစ် ခေတ္တခံယူသူများနှင့်လည်း ထိုသို့ခံယူထားဆဲကာလအတွက် သက်ဆိုင်စေရမည်။

(၂) ခရစ်ယာန်ဘာသာဝင်များအတွက်ဖြစ်လျှင် ခရစ်ယာန်သာသနာ့ဝန်ကို ထမ်းဆောင်ရန် အဓိကအားဖြင့် မိမိကိုယ်ကို ဆက်ကပ်ထားပြီးသည့် ပုဂ္ဂိုလ်ဟု သက်ဆိုင်ရာခရစ်ယာန် အသင်းတော်ကြီးများ (Churches) က အသိအမှတ်ပြု၍ သိက္ခာပေးထားခြင်းခံရသော သို့မဟုတ် တာဝန်ပေးထားခြင်းခံရသော ပုဂ္ဂိုလ်ကိုဖြစ်စေ၊ မိမိတို့ကိုးကွယ်ရာဘာသာအရ ဂိုဏ်းချုပ်၏ အုပ်ချုပ်ခြင်းကို မိမိဆန္ဒအလျောက်လက်ခံ၍ ဘာသာရေးစည်းမျဉ်းဖြင့် သို့မဟုတ် အဓိဋ္ဌာန်ပြုချက်ဖြင့် စည်းရုံးထားသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတွင် ပါဝင်သော ပုဂ္ဂိုလ်ကိုဖြစ်စေ ဆိုသည်။

(၃) ဟိန္ဒူဘာသာဝင်များအတွက်ဖြစ်လျှင် စံယာစီ၊ မဟန့် သို့မဟုတ် ဟိန္ဒူဘုန်းတော်ကြီးကို ဆိုသည်။

(ည) **ဆန္ဒခံယူပွဲဒေသ**ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးအတွက် ဆန္ဒမဲပေးရန် ကော်မရှင်က သတ်မှတ်ပေးသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကို ဆိုသည်။

(ဎ) **မဲစာရင်း**ဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးအတွက် သတ်မှတ်ထားသော ဆန္ဒခံယူပွဲဒေသများတွင်ရှိသည့် ဆန္ဒမဲပေးခွင့်ရှိသူများ၏စာရင်းကို ဆိုသည်။

(ဏ) **မဲရုံအဖွဲ့**ဆိုသည်မှာ မဲရုံတစ်ရုံ၌ ဆန္ဒမဲပေးခြင်းကို စုပေါင်းတာဝန်ယူဆောင်ရွက်ရေးအတွက် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲက ခန့်အပ်ထားသောအဖွဲ့ကို ဆိုသည်။

(ဓ) **မဲရုံမှူး**ဆိုသည်မှာ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲက ခန့်အပ်ထားသော မဲရုံအဖွဲ့၏ ခေါင်းဆောင်ကို ဆိုသည်။

(ပ) **ပယ်မဲ**ဆိုသည်မှာ -

(၁) သတ်မှတ်ထားသည့် အမှတ်အသားမပါသော ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၂) ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်အတုဖြစ်ကြောင်း မဲရုံအဖွဲ့က စိစစ်ဆုံးဖြတ်သည့် ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(၃) တစ်နည်းနည်းဖြင့် ဖျက်ဆီး၍ မဲပုံးထဲထည့်ထားသည့် ဆန္ဒမဲလက်မှတ်။

## အခန်း (၂)
## ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပခြင်း

၃။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း) ကို အတည်ပြုနိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရမည်။

(ခ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကော်မရှင်က သတ်မှတ်သည့်ကာလအတွင်း အပြီးကျင်းပရမည်။

၄။ (က) ကော်မရှင်သည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပမည့်နေ့ရက်ကို အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင် ကြေညာရမည်။

(ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးအတွက် မိမိတို့၏ဆန္ဒခံယူပွဲဒေသအလိုက် ဆန္ဒမဲပေးခွင့်ရှိသူများ၏ စာရင်းကို အနည်းဆုံး ၇ ရက် ကြိုတင်ကြေညာရမည်။

## အခန်း (၃)
## ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းခြင်း

၅။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်တစ်ဝန်းလုံးတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပနိုင်ရေးနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများကျင်းပရာတွင် ကြီးကြပ်နိုင်ရေးတို့အတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ပြည်ထောင်စုကော်မရှင်အဖြစ် တာဝန်ယူဆောင်ရွက်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား တာဝန်ပေးအပ်လိုက်သည်။

(ခ) ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်ခြင်းခံရသော ကော်မရှင်သည် အောက်ပါကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းရမည် သို့မဟုတ် ဖွဲ့စည်းစေနိုင်သည် -

(၁) ပြည်နယ် သို့မဟုတ် တိုင်းတစ်ခုလျှင် အဖွဲ့ဝင် ၁၅ ဦး ပါဝင်သော ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲတစ်ခု၊

(၂) ခရိုင်တစ်ခုလျှင် အဖွဲ့ဝင် ၁၅ ဦးပါဝင်သော ခရိုင်ကော်မရှင်အဖွဲ့ခွဲတစ်ခု၊

(၃) မြို့နယ်တစ်ခုလျှင် အဖွဲ့ဝင် ၁၅ ဦးပါဝင်သော မြို့နယ်ကော်မရှင်အဖွဲ့ခွဲတစ်ခု၊

(၄) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတစ်ခုလျှင် အဖွဲ့ဝင် ၅ ဦးမှ ၂၀ ဦးအထိ ပါဝင်သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတစ်ခု။

## အခန်း (၄)

## ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆။ ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကျင်းပခြင်း၊

(ခ) သင့်လျော်သောပုဂ္ဂိုလ်များဖြင့် လိုအပ်သောလုပ်ငန်းအဖွဲ့များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဂ) ကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးအတွက် ဆန္ဒခံယူပွဲဒေသများကို သတ်မှတ်ကြေညာခြင်း၊

(င) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရန် အချိန်ကာလသတ်မှတ်ပေးခြင်း၊

(စ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးနှင့် စပ်လျဉ်းသော စာရင်းဇယားပြုစုရေးအတွက် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဆ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးအတွက် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများက အသုံးပြုမည့် ပုံစံ၊ တံဆိပ်များ၊ ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို သတ်မှတ်ပေးခြင်း၊

(ဇ) ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ခရိုင်ကော်မရှင်အဖွဲ့ခွဲအသီးသီးသို့ထုတ်ပေးခြင်း၊

(ဈ) နိုင်ငံခြားရှိ ဆန္ဒမဲပေးခွင့်ရှိသူများ ဆန္ဒမဲပေးနိုင်ရေးအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာသံရုံးအကြီးအမှူး သို့မဟုတ် ကောင်စစ်ဝန်ရုံးအကြီးအမှူးထံသို့ ပေးပို့ခြင်း၊

(ည) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီးသည့်အခါ စာရင်းချုပ်၍ ဆန္ဒမဲပေးခွင့်ရှိသူဦးရေ၊ ဆန္ဒမဲပေးသူဦးရေ၊ ထောက်ခံဆန္ဒမဲပေးသူဦးရေနှင့် ယင်းတို့၏ နှိုင်းယှဉ်ချက်ကို ရာခိုင်နှုန်းဖြင့် ကြေညာခြင်း၊ အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(ဋ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်စပ်လျဉ်းသည့် အခြားလိုအပ်သောကိစ္စများကို ဆောင်ရွက်ခြင်း။

၇။ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ကော်မရှင်၏ ညွှန်ကြားချက်နှင့်အညီ ခရိုင်ကော်မရှင်အဖွဲ့ခွဲများနှင့်မြို့နယ်ကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းခြင်း၊

(ခ) ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းဆောင်ရွက်ချက် များကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ဂ) ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကော်မရှင်သို့ အစီရင်ခံခြင်း၊

(ဃ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက မြို့နယ်အလိုက်ပေးပို့သော ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းကို ကော်မရှင်သို့ ကြိုတင်ပေးပို့ခြင်း၊

(င) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီးစီးသည့်အခါ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများကပေးပို့သော ဆန္ဒမဲ အရေအတွက်ကို စုပေါင်းပြီး ဆန္ဒမဲပေးခွင့်ရှိသူစာရင်း၊ ဆန္ဒမဲပေးသူစာရင်း၊ ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့် ပယ်မဲများကိုခွဲခြား၍ သတ်မှတ်ချက်များနှင့်အညီ စာရင်းပြုစုပြီး ကော်မရှင်သို့ပေးပို့ခြင်း။

၈။ ခရိုင်ကော်မရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြို့နယ်ကော်မရှင်အဖွဲ့ခွဲများအတွက် လိုအပ်သော ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ် များကို ကော်မရှင်မှတောင်းခံခြင်းနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ လုံလောက်စွာ ခွဲဝေပေးခြင်း၊

(ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ဂ) ကော်မရှင်နှင့် ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲများ၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း။

၉။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကော်မရှင်၏ ညွှန်ကြားချက်နှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းခြင်း၊

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ကျင်းပသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်စပ်လျဉ်းသည့် သက်ဆိုင်ရာဆန္ဒခံယူပွဲဒေသများအလိုက် မဲစာရင်းများကို ထုတ်ပြန်ကြေညာခြင်း၊ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းနှင့်အတည်ပြုခြင်း၊ အတည်ပြုပြီးသော ဆန္ဒမဲပေးခွင့်ရှိသူစာရင်းကို သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲသို့ ကြိုတင်ပေးပို့ခြင်း၊

(ဃ) မြို့နယ်အတွင်းရှိ ဆန္ဒခံယူပွဲဒေသများအတွက် လိုအပ်သော ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ခရိုင်ကော်မရှင်အဖွဲ့ခွဲမှ တောင်းခံခြင်းနှင့် ဆန္ဒခံယူပွဲဒေသအလိုက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများနှင့် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၂)၊ (၃)၊ (၄)၊ (၅) နှင့် (၆) တို့ပါ အဖွဲ့များသို့ လုံလောက်စွာ ခွဲဝေပေးခြင်း၊

(င) မြို့နယ်အတွင်းရှိ ဆန္ဒခံယူပွဲဒေသများ၌ ဆန္ဒမဲပေးရမည့်နေ့ရက်များကို ကြေညာခြင်း၊

(စ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများကပေးပို့သော ဆန္ဒမဲအရေအတွက်ကို စုပေါင်းပြီး ဆန္ဒမဲပေးသူစာရင်း၊ ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့် ပယ်မဲများကို ခွဲခြား၍ စာရင်းပြုစုပြီး ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲများသို့ အစီရင်ခံခြင်းနှင့် မိတ္တူကို ကော်မရှင်နှင့် သက်ဆိုင်ရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲများသို့ ပေးပို့ခြင်း၊

(ဆ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ အစီရင်ခံခြင်းနှင့် မိတ္တူကို ကော်မရှင်နှင့် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲများသို့ ပေးပို့ခြင်း၊

(ဇ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်စပ်လျဉ်း၍ အခြားလိုအပ်သောကိစ္စများကို ဆောင်ရွက်ခြင်း။

၁၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ကျင်းပသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို တာဝန်ယူဆောင်ရွက်ခြင်း၊

(ခ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် မဲစာရင်းကိုပြုစုပြီး သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အတည်ပြုရန် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ထုတ်ပြန်ကြေညာခြင်း၊

(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ အတည်ပြုချက်ဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုဆန္ဒခံယူပွဲဒေသရှိ မဲရုံနယ်မြေနှင့် တည်နေရာများကို သတ်မှတ်ကြေညာခြင်းနှင့် မဲရုံအဖွဲ့ဝင်များနှင့် မဲရုံမှူးများကို ခန့်ထားခြင်း၊

**ခြွင်းချက်။** ဆန္ဒခံယူပွဲကျင်းပသောနေ့ရက်တွင် အကြောင်းတစ်စုံတစ်ရာကြောင့် ခန့်ထားသော မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်တစ်ဦးဦးသည် ပေးအပ်သောတာဝန်ကို ဆောင်ရွက်ခြင်းမပြုနိုင်လျှင် ရပ်ရွာက ကြည်ညိုလေးစားခြင်းခံရသည့် သင့်လျော်သော နိုင်ငံသားတစ်ဦးဦးကို အစားထိုး တာဝန်ပေးအပ်နိုင်သည်။ ယင်းသို့ တာဝန်ပေးအပ်ခြင်းကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အစီရင်ခံရမည်။

(ဃ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ရရှိသော ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို မဲရုံအဖွဲ့များသို့ လုံလောက်စွာ ခွဲဝေပေးခြင်း၊

(င) မဲပုံးများကို သတ်မှတ်ချက်များနှင့်အညီ ပြုလုပ်ခြင်း၊

(စ) မဲရုံအသီးသီးရှိ မဲပုံးများကို ယင်းမဲရုံ၌ပင်ဖွင့်ပြီး ဆန္ဒမဲများရေတွက်ရာတွင် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) ဆန္ဒမဲပေးသူစာရင်း၊ ထောက်ခံမဲ၊ ကန့်ကွက်မဲ၊ ပယ်မဲ၊ လက်ခံရရှိသည့် ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကိုခွဲခြား၍ သတ်မှတ်ချက်များနှင့်အညီ စာရင်းပြုစုပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ခြင်း၊

(ဇ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အစီရင်ခံခြင်း၊

(ဈ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်စပ်လျဉ်း၍ အခြားလိုအပ်သောကိစ္စများကို ဆောင်ရွက်ခြင်း။

## အခန်း (၅)

## မဲစာရင်းများပြုစုခြင်း

၁၁။ (က) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့် နေ့ရက်တွင် အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူတိုင်းသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည်။ ယင်းဆန္ဒမဲပေးခွင့်ရှိသူတိုင်းကို မဲစာရင်းတွင် ထည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်သော အောက်ပါပုဂ္ဂိုလ်များ၏ အမည်များကို မဲစာရင်းတွင် ထည့်သွင်းနိုင်ခွင့်ရှိသည် -

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံတမန်များ၊ သံအဖွဲ့ဝင်များ၊ ကောင်စစ်အဖွဲ့ဝင်များနှင့် ယင်းတို့နှင့်အတူနေထိုင်သော မိသားစုဝင်များ၊

(၂) တပ်တွင်းတွင် နေထိုင်သော်လည်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့် နေ့ရက်တွင် ဆန္ဒခံယူပွဲဒေသ၏ ပြင်ပသို့ တာဝန်ဖြင့်ရောက်ရှိနေသော တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များ၊ ယင်းတို့နှင့် လိုက်ပါနေထိုင်သော မိသားစုဝင်များ၊

(၃) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ပြင်ပ၌ အလုပ်ဝတ္တရားဆောင်ရွက်ရန် အစိုးရက ခန့်အပ်ထားခြင်းခံရသူများနှင့် ယင်းတို့နှင့်အတူနေထိုင်သော မိသားစုဝင်များ၊

(၄) နိုင်ငံခြားသို့ ရောက်ရှိနေသော အစိုးရပညာတော်သင်များနှင့် ယင်းတို့နှင့်အတူ နေထိုင်သော မိသားစုဝင်များ၊

(၅) အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားတွင် ရောက်ရှိနေသော အခြားပုဂ္ဂိုလ်များ၊

(၆) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းအသီးသီးတွင် ပညာသင်ကြားနေသော ကျောင်းသူ၊ ကျောင်းသားများ၊

**ရှင်းလင်းချက်။** တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်း ဆိုသည်မှာ ကျောင်းသူ၊ ကျောင်းသားများ ပညာသင်ကြားရန် အစိုးရက ဖွင့်လှစ်ထားသော သို့မဟုတ် အသိအမှတ်ပြုထားသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများကို ဆိုသည်။ ယင်းစကားရပ်တွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျောင်းများ၊ လူမှုရေးကျောင်းများနှင့် ဂေဟာများသည်လည်းကောင်း၊ တပ်မတော်က ဖွင့်လှစ်သော တက္ကသိုလ်များနှင့် ကျောင်းများသည်လည်းကောင်း ပါဝင်သည်။

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများတွင် ပညာသင်ကြားနေသော ကျောင်းသူ၊ ကျောင်းသားများအနက် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းဖွင့်လှစ်ထားသည့်ဒေသရှိ မဲစာရင်းတွင်ပါရှိသော ကျောင်းသူ၊ ကျောင်းသားများမှအပ အခြားဒေသမှ လာရောက်ပညာသင်ကြားနေသော ကျောင်းသူ၊ ကျောင်းသားများသည် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆန္ဒမဲပေးခွင့်ရှိသည်။

(၇) ဆေးရုံတွင် တက်ရောက်ကုသနေသူများနှင့် တာဝန်ကျနေသောဝန်ထမ်းများ၊

(၈) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ တာဝန်ပေးချက်အရ မိမိတို့၏ အခြေစိုက်စခန်းမှ ခွဲခွာ၍ အခြားဒေသရှိ လုပ်ငန်းခွင်၌ ရောက်ရှိနေသူများ၊

(၉) ရဲစခန်းများနှင့် အကျဉ်းထောင်များရှိ အချုပ်သားများ။

(ဂ) မဲစာရင်းပြုစုရာတွင် အမြဲတမ်းနေထိုင်သည့် ဆန္ဒခံယူပွဲဒေသမှ အခြားဆန္ဒခံယူပွဲဒေသတစ်ခုသို့ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့်နေ့ရက်ကျော်လွန်သည်အထိ ယာယီလာရောက်အလုပ်လုပ်ကိုင်သူများကို ရောက်ရှိနေသော ဆန္ဒခံယူပွဲဒေသ၏ မဲစာရင်းတွင် ထည့်သွင်းနိုင်သည်။ ထိုပုဂ္ဂိုလ်များ၏ အမည်စာရင်းကို မူလနေထိုင်ရာ ဆန္ဒခံယူပွဲဒေသရှိ မဲစာရင်းမှပယ်ဖျက်ရန် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့အကြောင်းကြားရမည်။

(ဃ) အောက်ပါပုဂ္ဂိုလ်များကို မဲစာရင်းတွင် ထည့်သွင်းခြင်းမပြုရ -

(၁) သာသနာ့ဝန်ထမ်းများ၊

(၂) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူများ၊

(၃) ပြစ်မှုတစ်ခုခုကြောင့် တရားရုံး၏ အမိန့်၊ စီရင်ချက်အရ ထောင်ဒဏ်ကျခံနေရသူများ၊

(၄) ပြည်ပသို့ တရားမဝင်ရောက်ရှိနေသူများ၊

(၅) နိုင်ငံခြားသားများ။

၁၂။ (က) မဲစာရင်းကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများက မိမိတို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအလိုက် ပြုစုရမည်။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် မိမိတို့၏ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သော ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) အရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်း၏ အမည်ကို မဲစာရင်းတွင် ထည့်သွင်းရမည်။

(ဂ) ပုဒ်မခွဲ (က) အရ မဲစာရင်းပြုစုသည့်အခါ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) တွင် ဖော်ပြထားသော ပုဂ္ဂိုလ်များ၏အမည်ကို ယင်းတို့နေထိုင်သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမဲစာရင်း၌ ထည့်သွင်းခြင်းမပြုရ။ အကယ်၍ ယင်းမဲစာရင်းတွင်ပါရှိနေလျှင် ထိုသူ၏အမည်ကို မဲစာရင်းမှ ထုတ်ပယ်ရမည်။

(ဃ) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) တွင် အကျုံးဝင်သူများအတွက် မဲစာရင်းပြုစုရာတွင် ကော်မရှင်က ညွှန်ကြားသည့်အတိုင်း သင့်လျော်သော အဖွဲ့ဝင်အရေအတွက်ဖြင့် ဖွဲ့စည်းသည့် အောက်ပါ အဖွဲ့များက ပြုစုရမည် -

(၁) နိုင်ငံခြားတွင်ရောက်ရှိနေသော ဆန္ဒမဲပေးခွင့်ရှိသူများနှင့် ယင်းတို့နှင့်အတူ နေထိုင်သော မိသားစုဝင်များအတွက် သက်ဆိုင်ရာ သံရုံးအကြီးအမှူးနှင့်အဖွဲ့ သို့မဟုတ် ကောင်စစ်ဝန်ရုံး အကြီးအမှူးနှင့်အဖွဲ့၊

(၂) တပ်တွင်းတွင်နေထိုင်သော်လည်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့်နေ့ရက်တွင် ဆန္ဒခံယူပွဲဒေသ၏ ပြင်ပသို့တာဝန်ဖြင့် ရောက်ရှိနေသော တပ်မတော် ကြည်း၊ ရေ၊ လေတပ်ဖွဲ့ဝင်များ၊ ယင်းတို့နှင့် လိုက်ပါနေထိုင်သော မိသားစုဝင်များအတွက် သက်ဆိုင်ရာ တပ်မှူးနှင့်အဖွဲ့၊

(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းအသီးသီးတွင် ပညာသင်ကြားလျက် ရှိကြသော ကျောင်းသူ၊ ကျောင်းသားများအတွက် တက္ကသိုလ်ဖြစ်လျှင် တက္ကသိုလ်ပါမောက္ခချုပ်နှင့်အဖွဲ့၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ဖြစ်လျှင် ကျောင်းအုပ်ကြီးနှင့်အဖွဲ့၊ သိပ္ပံနှင့်ကျောင်းဖြစ်လျှင် ကျောင်းအုပ်ကြီးနှင့်အဖွဲ့၊ လူမှုရေးကျောင်းဖြစ်လျှင် ယင်းကျောင်း၏အကြီးအမှူးနှင့်အဖွဲ့၊ ဂေဟာဖြစ်လျှင် ဂေဟာမှူးနှင့်အဖွဲ့၊

(၄) ဆေးရုံတွင် တက်ရောက်ကုသနေသူများနှင့် တာဝန်ကျသော ဝန်ထမ်းများအတွက် ဆေးရုံအုပ်ကြီးနှင့်အဖွဲ့၊

(၅) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ တာဝန်ပေးချက်အရ မိမိတို့၏ အခြေစိုက်စခန်းမှခွဲခွာ၍ အခြားဒေသရှိလုပ်ငန်းခွင်၌ရောက်ရှိနေသူများအတွက် ယင်းလုပ်ငန်းခွင်အကြီးအမှူးနှင့်အဖွဲ့၊

(၆) ရဲစခန်းရှိ အချုပ်သားများအတွက် သက်ဆိုင်ရာ ရဲစခန်းမှူးနှင့်အဖွဲ့၊ အကျဉ်းထောင်ရှိ အချုပ်သားများအတွက် သက်ဆိုင်ရာ ထောင်ပိုင်နှင့်အဖွဲ့။

(င) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) အရ ဆန္ဒမဲပေးခွင့်ရှိသည့် တပ်မတော်သား ကြည်း၊ ရေ၊ လေတပ်ဖွဲ့ဝင်များနှင့် ယင်းတို့၏ မိသားစုဝင်များအတွက် မဲစာရင်းပြုစုရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(၁) မိမိတို့နှင့်သက်ဆိုင်သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း အခြေစိုက်လျက်ရှိသည့် တပ်ရင်း၊ တပ်ဖွဲ့၊ တပ်ဌာနချုပ်များ၌ နေထိုင်ကြသော တပ်မတော်ကြည်း၊ ရေ၊ လေတပ်ဖွဲ့ဝင်များနှင့် ယင်းတို့ မိသားစုဝင်များ၏ အမည်များကို သက်ဆိုင်ရာ တပ်မှူး၏ အကူအညီဖြင့် မဲစာရင်းတွင် ထည့်သွင်းခြင်း၊

(၂) သက်ဆိုင်ရာတပ်တွင်း၌မနေဘဲ တပ်၏ပြင်ပ၌ နေထိုင်ကြသော တပ်မတော် ကြည်း၊ ရေ၊ လေတပ်ဖွဲ့ဝင်များ၊ ယင်းတို့နှင့်အတူနေထိုင်ကြသည့် မိသားစုဝင်များ၏အမည်များကို ယင်းတို့နေထိုင်ရာ ဆန္ဒခံယူပွဲဒေသ၏ မဲစာရင်း၌ ထည့်သွင်းခြင်း။

၁၃။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် မဲစာရင်းကို စစ်ဆေးခြင်း၊ ကြေညာခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ကို ပြုလုပ်ရမည်။ သို့ရာတွင် မဲစာရင်း ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ အတည်ပြုချက်ကို ရယူရမည်။

(ခ) ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ) အရ ဖွဲ့စည်းထားသည့်အဖွဲ့များသည် မဲစာရင်းစစ်ဆေးခြင်း၊ ကြေညာခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် အတည်ပြုခြင်းတို့ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများကဲ့သို့ ဆောင်ရွက်ရမည်။ မဲစာရင်းနှင့်စပ်လျဉ်း၍ အငြင်းပွားလျှင် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ ဖွဲ့စည်းထားသော အဖွဲ့အတွက် ကော်မရှင်ထံမှလည်းကောင်း၊ အခြားအဖွဲ့များအတွက် ယင်းတို့နှင့်သက်ဆိုင်သော မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံမှလည်းကောင်း အတည်ပြုချက်ကိုရယူရမည်။ ကော်မရှင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၆)

## ဆန္ဒမဲပေးခြင်း

၁၄။ (က) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် ပြုစုသောမဲစာရင်း၌ ပါဝင်သူတိုင်းသည် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) ဆန္ဒမဲပေးခွင့်ရှိသူတစ်ဦးသည် မိမိ၏အမည်စာရင်းပါဝင်သည့် ဆန္ဒခံယူပွဲဒေသအတွင်းရှိ မဲရုံ၌သာ ဆန္ဒမဲပေးရမည်။

၁၅။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပမည့် မဲရုံတိုင်းတွင် ဆန္ဒမဲပေးသူများ လွယ်ကူစွာဆန္ဒမဲပေးနိုင်ရေး အတွက် အများမြင်သာသည့်နေရာတွင် သတ်မှတ်ထားသောမဲပုံးကို ထားရှိရမည်။

၁၆။ ဆန္ဒမဲပေးခွင့်ရှိသူတစ်ဦးသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် တစ်ကြိမ်သာ ဆန္ဒမဲပေးခွင့်ရှိသည်။

၁၇။ ဆန္ဒမဲပေးခွင့်ရှိသူတစ်ဦးသည် မဲရုံမှူးထံမှသော်လည်းကောင်း၊ မဲရုံမှူးက တာဝန်လွှဲအပ်ထားသူထံမှ သော်လည်းကောင်း ဆန္ဒမဲလက်မှတ်ကိုရယူ၍ မဲရုံအတွင်းရှိ သတ်မှတ်ထားသောနေရာတွင် လျှို့ဝှက်ဆန္ဒ ပြုပြီးနောက် မဲပုံးအတွင်းသို့ ထည့်ရမည်။

၁၈။ နိုင်ငံခြားတွင် ရောက်ရှိနေသော ဆန္ဒမဲပေးခွင့်ရှိသူများနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့် နေ့ရက်တွင် မိမိနေထိုင်သောဆန္ဒခံယူပွဲဒေသ၏ ပြင်ပသို့ ခရီးသွားရန်ရှိသော ဆန္ဒမဲပေးခွင့်ရှိသူများသည် သတ်မှတ်ချက်များနှင့်အညီ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်သည်။

၁၉။ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) တွင် ဖော်ပြထားသောပုဂ္ဂိုလ်များအတွက် ဆန္ဒမဲပေးရန်နည်းလမ်းများမှာ ဤဥပဒေအရ ပြဋ္ဌာန်းသည့်နည်းဥပဒေများတွင် သတ်မှတ်ထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၇)
## ဆန္ဒမဲပေးခြင်းကို ရွှေ့ဆိုင်းခြင်းနှင့် ဖျက်သိမ်းခြင်း

၂၀။ (က) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လုံခြုံရေးပျက်ပြားသည့် အခြေအနေကြောင့်ဖြစ်စေ၊ အခြားဘေးအန္တရာယ်တစ်ခုခုကြောင့်ဖြစ်စေ၊ လွတ်လပ်၍တရားမျှတသော ဆန္ဒခံယူပွဲကို တည်ငြိမ်စွာကျင်းပနိုင်ခြင်းမရှိလျှင် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ဆန္ဒခံယူပွဲ ဒေသတစ်ခုလုံးနှင့် သက်ဆိုင်သော မဲရုံအားလုံးကိုဖြစ်စေ၊ မဲရုံအချို့ကိုဖြစ်စေ၊ မဲရုံတစ်ရုံကို ဖြစ်စေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဃ) အရ သတ်မှတ်ထားသော ကာလအတွင်း ဆန္ဒမဲပေးနိုင်ရေး အတွက် သင့်လျော်သည့် နေ့ရက်သို့တစ်ကြိမ် ရွှေ့ဆိုင်းနိုင်သည်။ ထို့ပြင် မဲရုံများကိုလည်း မိမိသင့်လျော်သည်ဟု ထင်မြင်သည့်နေရာသို့ ချက်ချင်းရွှေ့ပြောင်းနိုင်သည်။ ယင်းသို့ ရွှေ့ဆိုင်းခြင်းနှင့် ရွှေ့ပြောင်းခြင်းကို ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့တင်ပြပြီး မိတ္တူကို ကော်မရှင်နှင့် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲများသို့ တင်ပြရမည်။

(ခ) မဲရုံတစ်ရုံရုံတွင် ဆန္ဒမဲပေးရန် သတ်မှတ်ထားသောနေ့ရက်၌ ဆန္ဒမဲပေးခွင့်ရှိသူများက ပုဒ်မခွဲ (က) ပါ အကြောင်းတစ်စုံတစ်ရာကြောင့် ဆန္ဒမဲပေးခြင်းမပြုလုပ်နိုင်လျှင် မဲရုံအဖွဲ့သည် ဆန္ဒမဲ ပေးခြင်းကို ရွှေ့ဆိုင်းကြောင်းကြေညာရမည်။ ဆန္ဒမဲပေးနေစဉ် ရွှေ့ဆိုင်းရလျှင် မဲရုံအဖွဲ့သည် ဆန္ဒမဲပေးခွင့်ရှိသူ ငါးဦး၏ရှေ့မှောက်တွင် မဲပုံးများကို လုံခြုံစွာပိတ်ထားပြီး ယင်းဖြစ်စဉ်ကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်း တင်ပြရမည်။ ယင်းကော်မရှင်အဖွဲ့ခွဲသည် မိမိ၏ထောက်ခံချက်နှင့်အတူ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အစီရင်ခံရမည်။

(ဂ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ရွှေ့ဆိုင်းလိုက်ကြောင်း ကြေညာ ခဲ့သည့်မဲရုံတွင် ဆန္ဒမဲပေးရန် ကျန်နေသည့်ဆန္ဒမဲပေးခွင့်ရှိသူများ ဆန္ဒမဲပေးရန် နေ့ရက်နှင့် နေရာကို ပုဒ်မ ၆၊ ပုဒ်မခွဲ (ဃ) အရ သတ်မှတ်ထားသောကာလအတွင်းမှ ရက်တစ်ရက် သတ်မှတ်၍ ကြေညာပေးရမည်။

(ဃ) ရွှေ့ဆိုင်းလိုက်သည့်နေ့ရက်တွင် ဆန္ဒမဲပေးရာ၌ မဲပုံးအသစ်ကို အသုံးပြုရမည်။

၂၁။ (က) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် ဆန္ဒမဲပေးခြင်းကို ပုဒ်မ ၂၀ ပါ အကြောင်းတစ်ခုခုကြောင့် ဖျက်သိမ်းရန် အခြေအနေဖြစ်ပေါ်လာပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲသည် ယင်း၏ဆန္ဒခံယူပွဲဒေသအတွင်းရှိ မဲရုံအချို့ကိုဖြစ်စေ၊ မဲရုံအားလုံးကိုဖြစ်စေ ဖျက်သိမ်းနိုင်သည်။ ယင်းသို့အခြေအနေဖြစ်ပေါ်လာပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် မိမိ၏ဆောင်ရွက်ချက်ကို သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်းတင်ပြရမည်။

(ခ) ပုဒ်မခွဲ (က) အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၏ တင်ပြချက်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ အစီရင်ခံပြီး မိတ္တူကို ကော်မရှင်နှင့် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲ များသို့ ပေးပို့ရမည်။

(ဂ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် ဆန္ဒမဲပေးခြင်းကို ပုဒ်မ ၂၀ ပါ အကြောင်းတစ်ခုခုကြောင့် ဖျက်သိမ်းရန် အခြေအနေဖြစ်ပေါ်လာပါက မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မိမိမြို့နယ်အတွင်းရှိ ဆန္ဒခံယူပွဲဒေသတစ်ခုကိုဖြစ်စေ သတ်မှတ်ထားသော ဆန္ဒခံယူပွဲဒေသအားလုံး၏ ထက်ဝက် အထိကိုဖြစ်စေ ဖျက်သိမ်းနိုင်သည်။ အကယ်၍ ဆန္ဒခံယူပွဲဒေသအားလုံး၏ ထက်ဝက်ကျော်ကို ဖျက်သိမ်းရန် အခြေအနေဖြစ်ပေါ်လာပါက မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မိမိ၏ထောက်ခံချက် နှင့်အတူ သက်ဆိုင်ရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲနှင့် ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲ များသို့ ချက်ချင်းအစီရင်ခံရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ထောက်ခံတင်ပြချက်ကို ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲက အဆုံးအဖြတ်ပေးရမည်။ ယင်းအဆုံးအဖြတ်သည် အပြီးအပြတ် ဖြစ်စေရမည်။ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲသည် ထိုသို့ဖျက်သိမ်းရန် ဆုံးဖြတ် ကြောင်းကို ကော်မရှင်သို့အစီရင်ခံ၍ သက်ဆိုင်ရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်ကော်မရှင် အဖွဲ့ခွဲများသို့ မိတ္တူပေးပို့ရမည်။

## အခန်း (၈)
## ဆန္ဒမဲရေတွက်ခြင်း

၂၂။ (က) မဲရုံတွင် မဲရုံပိတ်ပြီးသည်နှင့်တစ်ပြိုင်နက် မဲရုံအဖွဲ့သည် -

(၁) ၁၀ ဦးထက်မနည်းသော ဆန္ဒမဲပေးခွင့်ရှိသူတို့၏ ရှေ့မှောက်တွင် မဲပုံးများကို စစ်ဆေးပြီး နောက် ယင်းမဲပုံးများကိုဖွင့်၍ ဆန္ဒမဲများရေတွက်ရမည်။ ယင်းသို့ ရေတွက်ရာ၌ ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့် ပယ်မဲများကို ခွဲခြားရေတွက်ရမည်။

(၂) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ဂ) အရ ရွှေ့ဆိုင်းသတ်မှတ်သောနေ့ရက်တွင် ကျန်ရှိနေသေးသော ဆန္ဒမဲပေးခွင့်ရှိသူများထံမှ ဆန္ဒမဲဆက်လက်ရယူရမည်။ ထိုဆန္ဒမဲရယူသည့် မဲရုံပိတ်ပြီးမှ သာလျှင် ယင်းမဲရုံမှဆန္ဒမဲများကို ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ) အရ လုံခြုံစွာပိတ်ထားသော မဲပုံးများရှိ ဆန္ဒမဲများနှင့်ပေါင်း၍ ရေတွက်ရမည်။

(၃) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ဂ) အရ ရွှေ့ဆိုင်းသတ်မှတ်သောနေ့ရက်တွင်လည်း ဆန္ဒမဲပေးခြင်း မပြုလုပ်နိုင်လျှင် ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ) အရ လုံခြုံစွာပိတ်ထားသော မဲပုံးများရှိ ဆန္ဒမဲ များကိုသာ ရေတွက်ရမည်။

(၄) ပုဒ်မခွဲငယ် (၁) နှင့်အညီ ဆန္ဒမဲများကို ရေတွက်ပြီးသောအခါ မဲစာရင်းပါ ဆန္ဒမဲပေးသူ စာရင်း၊ ထောက်ခံမဲ၊ ကန့်ကွက်မဲ၊ ပယ်မဲ၊ လက်ခံရရှိသည့် ဆန္ဒမဲလက်မှတ်နှင့် လက်ကျန် ဆန္ဒမဲလက်မှတ်တို့၏ စာရင်းများကို သီးခြားပြုစုပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) အရ ပေးပို့သည့်စာရင်းများကို မဲရုံအလိုက်စုစည်းပြီး စာရင်းချုပ်ပြုစု၍လည်းကောင်း၊ လက်ခံရရှိ ထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကိုလည်းကောင်း အစီရင်ခံစာနှင့်အတူ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် -

(၁) ပုဒ်မခွဲ (ခ) အရ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများက ပေးပို့သည့်စာရင်းများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအလိုက် စုစည်း၍ ပြုစုသောစာရင်း၊

(၂) ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၂)၊ (၃)၊ (၄)၊ (၅) နှင့် (၆) တို့အရ ဖွဲ့စည်းသော အဖွဲ့ များကပေးပို့သည့် ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်

အဖွဲ့ခွဲများက ပေးပို့သည့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ရေတွက်ပြီး ရရှိသည့် စာရင်းများကိုလည်းကောင်း၊ ပုဒ်မခွဲငယ် (၁) ပါ စာရင်းများကိုလည်းကောင်း စုပေါင်းပြုစုထားသော စာရင်းတို့ကို အစီရင်ခံစာနှင့်အတူ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲသို့ပေးပို့ရမည်။ ယင်းမိတ္တူကို ကော်မရှင်နှင့် သက်ဆိုင်ရာခရိုင်ကော်မရှင်အဖွဲ့ခွဲများသို့ ပေးပို့ရမည်။

(ဃ) ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲသည် ပုဒ်မခွဲ (ဂ) အရ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက ပေးပို့သော မဲစာရင်းများကိုစုစည်း၍ ကော်မရှင်သို့ပေးပို့ရမည်။

(င) ကော်မရှင်သည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၁) အရ ဖွဲ့စည်းထားသော အဖွဲ့များက ပေးပို့သည့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့် ပယ်မဲများခွဲခြား၍ ရေတွက်ရမည်။

## အခန်း (၉)
## ဆန္ဒမဲများကြေညာခြင်း

၂၃။ ကော်မရှင်သည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီးစီးသည့်အခါ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲများက ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဃ) အရ ပေးပို့တင်ပြသော ဆန္ဒမဲစာရင်းများနှင့် ပုဒ်မ ၂၂၊ ပုဒ်မခွဲ (င) အရ ကော်မရှင်ကရေတွက်ရရှိထားသော ကြိုတင်ဆန္ဒမဲလက်မှတ်စာရင်းများကို တစ်ပေါင်းတည်း စာရင်းချုပ်၍ ဆန္ဒမဲပေးခွင့်ရှိသူဦးရေ၊ ဆန္ဒမဲပေးသူဦးရေ၊ ထောက်ခံမဲ ဆန္ဒမဲပေးသူဦးရေနှင့် ယင်းတို့၏ နှိုင်းယှဉ်ချက်ကို ရာခိုင်နှုန်းဖြင့်ကြေညာရမည်။

## အခန်း (၁၀)
## တားမြစ်ချက်နှင့် ပြစ်ဒဏ်

၂၄။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်စပ်လျဉ်း၍ မည်သူမျှ အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း၊

(ခ) ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်အတုကို လက်ဝယ်ထားရှိခြင်း၊

(ဂ) ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို ဖျက်ဆီးခြင်း၊

(ဃ) ဆန္ဒမဲလက်မှတ်ကို မဲရုံပြင်ပသို့ ယူဆောင်သွားခြင်း၊

(င) မဲပုံးကို အခွင့်အာဏာမရှိဘဲဖွင့်ခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့်ထိခိုက်စေခြင်း၊

(စ) မဲရုံကို ဖျက်ဆီးခြင်း၊

(ဆ) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများက ထုတ်ပြန်ထားသောစာရင်း၊ အကြောင်းကြားစာ သို့မဟုတ် အခြားစာရွက်စာတမ်းများကို ဖတ်ရှု၍မရစေရန် တမင်ကြံရွယ်ချက်ဖြင့် ပြုလုပ်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

(ဇ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ပျက်ပြားစေရန် မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံပရဝဏ်အတွင်း၌ဖြစ်စေ၊ အများပြည်သူတို့နှင့် သက်ဆိုင်သော နေရာ၌ဖြစ်စေ၊ ပုဂ္ဂလိကပိုင်နေရာ၌ဖြစ်စေ ဟောပြောခြင်း၊ စာရွက်စာတမ်းကမ်းလှမ်းခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်းကို အခြားတစ်နည်းနည်းဖြင့် နှောင့်ယှက်ခြင်း။

၂၅။ မည်သူမဆို ပုဒ်မ ၂၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း၊ ယင်းသို့ဖောက်ဖျက်ရန် အားထုတ်ကြောင်း၊ ဖောက်ဖျက်ရန်ပူးပေါင်းကြံစည်၍ ပြစ်မှုမြောက်သော ပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ကြောင်း သို့မဟုတ် ဖောက်ဖျက်ရာတွင် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက် မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၁)
## ဘဏ္ဍာရေးနှင့် ဝန်ထမ်းအကူအညီရယူခြင်း

၂၆။ (က) ကော်မရှင်သည် -

(၁) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးအတွက် ခန့်မှန်းခြေကုန်ကျစရိတ်ကို တွက်ချက်ပြီး အစိုးရအဖွဲ့သို့ တင်ပြတောင်းခံသုံးစွဲရမည်။

(၂) ပုဒ်မခွဲငယ် (၁) အရ တောင်းခံရရှိသောငွေအနက် ကော်မရှင်အဖွဲ့ခွဲများသို့ သင့်လျော်သလို ခွဲဝေပေးရမည်။

(ခ) ကော်မရှင်အဖွဲ့ခွဲများသည် -

(၁) ပုဒ်မခွဲ (က) အရ ကော်မရှင်ထံမှ ခွဲဝေရရှိသောငွေကို ကော်မရှင်က ညွှန်ကြားသည့်အတိုင်း သုံးစွဲ၍ စာရင်းများကို စနစ်တကျထားရှိရမည်။

(၂) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီးစီးသောအခါ ကော်မရှင်အဖွဲ့ခွဲများသည် မိမိတို့၏ ငွေစာရင်းရှင်းတမ်းများကို ကော်မရှင်သို့ ပေးပို့ရမည်။

၂၇။ ကော်မရှင်သည် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများအတွက် လိုအပ်သော ဝန်ထမ်းများနှင့် ပစ္စည်းအကူအညီတို့ကို ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများထံမှ ညှိနှိုင်းရယူနိုင်သည်။

## အခန်း (၁၂)
## အထွေထွေ

၂၈။ ကော်မရှင်သည် ပုဒ်မ ၂၃ အရ ဆန္ဒမဲရရှိမှုအခြေအနေကို ကြေညာပြီးနောက် အစိုးရအဖွဲ့သို့ အစီရင်ခံစာတင်သွင်းရမည်။

၂၉။ (က) ကော်မရှင်အဖွဲ့ခွဲတစ်ခုခုတွင် တစ်စုံတစ်ရာသော အကြောင်းကြောင်းကြောင့် အဖွဲ့ဝင်နေရာလစ်လပ်ခဲ့လျှင် အောက်ပါကော်မရှင် သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲက အစားထိုးခန့်ထားနိုင်သည် -

(၁) ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲ၏ အဖွဲ့ဝင်နေရာဖြစ်ပါက ကော်မရှင်၊

(၂) ခရိုင်ကော်မရှင်အဖွဲ့ခွဲ၏ အဖွဲ့ဝင်နေရာဖြစ်ပါက သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲ၊

(၃) မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ အဖွဲ့ဝင်နေရာဖြစ်ပါက သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲ၊

(၄) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၏ အဖွဲ့ဝင်နေရာဖြစ်ပါက သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ။

(ခ) ကော်မရှင် သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်နေရာလစ်လပ်ခြင်းကြောင့် ကော်မရှင် သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်းမရှိစေရ။

၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းများကို ပြဋ္ဌာန်းနိုင်သည်။

(ခ) ကော်မရှင်သည် ဤဥပဒေ သို့မဟုတ် ဤဥပဒေအရ ပြဋ္ဌာန်းသည့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ လိုအပ်သော စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက် ( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
### အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၄)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်
( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက် )

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၄) ၏ သဘောတူညီချက် အရ ဒေါ်နွဲ့နွဲ့ လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း) ကျွမ်းကျင်သူအား ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ကျွမ်းကျင်သူအဖြစ် လစဉ်ချီးမြှင့်ငွေ ၈၀,၀၀၀/- (ကျပ် ရှစ်သောင်းတိတိ) ဖြင့် တတိယအကြိမ် (၁) နှစ် ဆက်လက်တာဝန်ပေးခန့်ထားလိုက်သည်။

ဇော်သန်းသင်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး။

### ပြည်သူ့လွှတ်တော်ရုံး
### အမိန့်ကြော်ငြာစာအမှတ် (၁၂၄/၂၀၁၄)

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်
( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၃ ရက် )

ပြည်သူ့လွှတ်တော်ရုံးမှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး (၃) ဦးတို့အား ဦးစီးအရာရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးနေရာသို့ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၃ ရက် နံနက်ပိုင်းမှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| ၁။ | ဒေါ်ကေဇင်ထူး | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၂။ | ဒေါ်တင်မာချို | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၃။ | ဒေါ်မို့မို့သင်း | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |

(ပုံ) တင်ဝင်းအောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့လွှတ်တော်ရုံး။

# ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက် )

အမှတ် ၁၁။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၌ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၆/၂၀၁၄) ခွင့်ပြုချက်အရ၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) နှင့် လစာနှုန်းတူ (၁၃) ဦးတို့အား ယှဉ်တွဲပါ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) နှင့် လစာနှုန်းတူ ရာထူးနေရာများသို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်/ရာထူး/ဌာန | တိုးမြှင့်မည့်ရာထူး/ဌာန |
|---|---|---|
| (က) | ဦးစိုးမြင့်<br>ဦးစီးအရာရှိ<br>ပရဟိတ (ကျား) ကျောင်း<br>ရုံးချုပ် (တွဲဖက်) | လက်ထောက်ညွှန်ကြားရေးမှူး<br>ရုံးချုပ် |
| (ခ) | ဦးအောင်ဆန်းမြင့်<br>ဦးစီးအရာရှိ<br>ဒီဂရီကောလိပ်၊ စစ်ကိုင်း | ဌာနခွဲမှူး (စီမံ)<br>ဒီဂရီကောလိပ်၊ စစ်ကိုင်း |
| (ဂ) | ဒေါ်ခင်မွေး<br>ဦးစီးအရာရှိ<br>ရုံးချုပ် | လက်ထောက်ညွှန်ကြားရေးမှူး<br>ရုံးချုပ် |
| (ဃ) | ဒေါ်ယုယုကြည်<br>ကျောင်းအုပ်<br>အိမ်တွင်းမှုကျောင်း၊ မြိတ် | လက်ထောက်ညွှန်ကြားရေးမှူး<br>ရုံးချုပ် |
| (င) | ဦးဌေးဝင်း<br>ကျောင်းအုပ်<br>လူငယ်ကျောင်း၊ မင်းတပ်-၁ | လက်ထောက်ညွှန်ကြားရေးမှူး<br>ရုံးချုပ် |
| (စ) | ဒေါ်သီတာကျော်<br>ဦးစီးအရာရှိ<br>ရုံးချုပ် | လက်ထောက်ညွှန်ကြားရေးမှူး<br>ရုံးချုပ် |
| (ဆ) | ဒေါ်သဲနေနေကျော်<br>ဦးစီးအရာရှိ<br>ရုံးချုပ် | ကထိက (စီးပွားရေးပညာဌာန)<br>ဒီဂရီကောလိပ်၊ ရန်ကုန်<br>(ရုံးချုပ်တွဲဖက်) |
| (ဇ) | ဦးမောင်စိုး<br>ကျောင်းအုပ်<br>လူငယ်ကျောင်း၊ စစ်တွေ | လက်ထောက်ညွှန်ကြားရေးမှူး<br>ရုံးချုပ် |
| (ဈ) | ဒေါ်နီလာသွင်<br>ဦးစီးအရာရှိ<br>ဗဟိုလေ့ကျင့်ရေးကျောင်း | အင်ဂျင်နီယာဌာနခွဲမှူး (စီမံ)<br>ဒီဂရီကောလိပ်၊ စစ်ကိုင်း<br>(ဗဟိုလေ့ကျင့်ရေးကျောင်းတွဲဖက်) |

| စဉ် | အမည်/ရာထူး/ဌာန | တိုးမြှင့်မည့်ရာထူး/ဌာန |
|---|---|---|
| (ည) | ဒေါ်သီတာသင်း<br>ဦးစီးအရာရှိ<br>ဗဟိုလေ့ကျင့်ရေးကျောင်း | လက်ထောက်ညွှန်ကြားရေးမှူး<br>ဗဟိုလေ့ကျင့်ရေးကျောင်း |
| (ဋ) | ဒေါ်စကားဝါ<br>ဦးစီးအရာရှိ<br>ရုံးချုပ် | ကထိက (စီးပွားရေးပညာဌာန)<br>ဒီဂရီကောလိပ်၊ စစ်ကိုင်း<br>(ရုံးချုပ်တွဲဖက်) |
| (ဌ) | ဦးလှမြတ်သိန်း<br>ဦးစီးအရာရှိ<br>ဗဟိုလေ့ကျင့်ရေးကျောင်း | လက်ထောက်ညွှန်ကြားရေးမှူး<br>ဗဟိုလေ့ကျင့်ရေးကျောင်း |
| (ဍ) | ဦးဝင်းကြွယ်ဒွေး<br>လ/ထမော်ကွန်းထိန်း<br>ဒီဂရီကောလိပ်၊ စစ်ကိုင်း | မော်ကွန်းထိန်း<br>ဒီဂရီကောလိပ်၊ စစ်ကိုင်း |

အမှတ် ၁၂။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၌ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၆/၂၀၁၄) ခွင့်ပြုချက်အရ၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် ရန်ကုန်၊ စစ်ကိုင်းမှ အောက်ဖော်ပြပါ ကထိက (၆) ဦးတို့အား တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ယှဉ်တွဲပါ တွဲဖက်ပါမောက္ခရာထူးနေရာများသို့ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်/ရာထူး/ဌာန/<br>လစာနှုန်း/ကျောင်း | တိုးမြှင့်မည့်ရာထူး/ဌာန/<br>လစာနှုန်း/ကျောင်း |
|---|---|---|
| (က) | ဒေါက်တာရီရီချို<br>ကထိက<br>(မနုဿဗေဒဌာန)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ဒီဂရီကောလိပ် (ရန်ကုန်) | တွဲဖက်ပါမောက္ခ<br>(မနုဿဗေဒဌာန)<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>ဒီဂရီကောလိပ် (ရန်ကုန်) |
| (ခ) | ဒေါက်တာပွင့်ရည်သိမ်း<br>ကထိက<br>(ရူပဗေဒဌာန)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ဒီဂရီကောလိပ် (ရန်ကုန်) | တွဲဖက်ပါမောက္ခ<br>(ရူပဗေဒဌာန)<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>ဒီဂရီကောလိပ် (ရန်ကုန်) |
| (ဂ) | ဒေါ်စန်းစန်းယု<br>ကထိက<br>(သမိုင်းဌာန)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) | တွဲဖက်ပါမောက္ခ<br>(သမိုင်းဌာန)<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) |
| (ဃ) | ဦးဇော်လွင်ဦး<br>ကထိက<br>(သင်္ချာဌာန)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) | တွဲဖက်ပါမောက္ခ<br>(သင်္ချာဌာန)<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) |

| **စဉ်** | **အမည်/ရာထူး/ဌာန/ လစာနှုန်း/ကျောင်း** | **တိုးမြှင့်မည့်ရာထူး/ဌာန/ လစာနှုန်း/ကျောင်း** |
|---|---|---|
| (င) | ဒေါ်သက်သက်<br>ကထိက<br>(မနုဿဗေဒဌာန)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) | တွဲဖက်ပါမောက္ခ<br>(မနုဿဗေဒဌာန)<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) |
| (စ) | ဒေါက်တာသိမ့်သိမ့်မျိုး<br>ကထိက<br>(ကွန်ပျူတာသိပ္ပံဌာန)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) | တွဲဖက်ပါမောက္ခ<br>(ကွန်ပျူတာသိပ္ပံဌာန)<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>ဒီဂရီကောလိပ် (စစ်ကိုင်း) |

စံရွှေအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန။

## ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက် )

အမှတ် ၁ ။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၂-၃/၁၁၄/၆၃၃၂ အရ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူးများအား ညွှန်ကြားရေးမှူးရာထူးများအဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| | | | |
|---|---|---|---|
| ၁။ | ဒေါ်ခွန့်ယဉ်အေး | (ဘ) ဦးမြင့်ဝေ | ၁၂/ဥကတ (နိုင်) ၀၄၈၉၂၇ |
| ၂။ | ဒေါ်ဖြူလဲ့လဲ့ထွန်း | (ဘ) ဦးထွန်းသန်း | ၁၂/မဂဒ (နိုင်) ၀၅၄၈၉၆ |
| ၃။ | ဦးလင်းထွန်း | (ဘ) ဦးကံထွန်း | ၈/ပခက (နိုင်) ၀၃၈၂၇၀ |
| ၄။ | ဒေါက်တာအောင်လင်းအေး | (ဘ) ဦးစိန်လှိုင် | ၇/တငန (နိုင်) ၀၀၉၃၆၈ |
| ၅။ | ဦးသောင်းရွှေ | (ဘ) ဦးမောင်အုံး | ၁၀/မလမ (နိုင်) ၁၅၄၄၆၄ |

စိုးအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်<br>( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် ) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

**"AYEKA DIPAR TRADING CO.,LTD."**

ဖျက်သိမ်းရန်ကြေညာချက်

၁။ **"AYEKA DIPAR TRADING CO.,LTD."** ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၅) ရက်နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက် ကူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

U WIN MYINT
MANAGING DIRECTOR
AYEKA DIPAR TRADING CO.,LTD.

ဦးဇင်ဝေ
B.com, C.P.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**SUPER TIME COMPANY LIMITED**

(ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င)

**SUPER TIME COMPANY LIMITED** ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် နောက်ဆုံးအစည်းအဝေးကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င) အရ အမှတ်-၁၀၃/၁၀၅၊ ၄ လွှာ၊ ၂၇ လမ်း၊ (၄) ရပ်ကွက် ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၌ (၁၉-၁-၂၀၁၅) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

ဒေါ်ချိုချိုမြင့်

စာရင်းစစ်

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

SUPER TIME COMPANY LIMITED

**DOLLAR AUNG GEMS & JEWELLY COMPANY LIMITED**

ဖျက်သိမ်းရန်ကြေညာချက်

၁။ **DOLLAR AUNG GEMS & JEWELLY COMPANY LIMITED** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၁၇-၁၂-၂၀၁၄) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ကူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၁၈၁/၁၈၃၊ အခန်းအမှတ်-၃၀၃၊ ၄-လွှာ၊ ၃၄-လမ်း (အထက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ချိုချိုမြင့် B.com (Q), C.P.A, Dip in Business Law (စာရင်းစစ်)၊ [၈/ခမန (နိုင်) ၀၀၆၅၇၆] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်လက်ချမီး (ခ) ဒေါ်သက်သက်

မန်နေးဂျင်းဒါရိုက်တာ

DOLLAR AUNG GEMS & JEWELLY COMPANY LIMITED

ဒေါ်ချိုချိုမြင့်

စာရင်းစစ်

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**Victoria Harbour Industries Co., Ltd**

ဖျက်သိမ်းရန်ကြေညာချက်

၁။ **Victoria Harbour Industries Co., Ltd** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၁၇-၁၂-၂၀၁၄) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ကူးကဲသည့် အထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၅၀၊ ပထမထပ်၊ အခန်း(စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ ဦးချန္ဒရာ [B.Sc., H.G.P, M.A (Business Law), PG Dip in Law] (အထက်တန်းရှေ့နေ)၊ [၁၂/သကတ (နိုင်) ၁၁၈၄၉၃] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်မိုးစပယ်
မန်နေးဂျင်းဒါရိုက်တာ
Victoria Harbour Industries Co., Ltd

ဦးချန္ဒရာ
အထက်တန်းရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**"တော်ဝင်မေဟွားကုမ္ပဏီလီမိတက်"**

**''Royal Mei Hua Company Limited"**

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၆ (၁) အရ
ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း

သာမန်ထက်ကူးကဲသော အထွေထွေအစည်းအဝေး ဆုံးဖြတ်ချက်အရ **"တော်ဝင်မေဟွားကုမ္ပဏီ လီမိတက်"** အား (၁၅-၁၂-၂၀၁၄) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန်ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ဒေါ်မီမီကျော် (B.com Q, C.P.A) အမှတ် - (၄၉/၅၁)၊ (၇-လွှာ)၊ ၂-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီ မှ ရရန်နှင့်ပေးရန်ရှိသည်များကို (၁၄-၁-၂၀၁၅) ရက်နေ့ထက်နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးဂေါ်အဟွန် (ခ) မြင့်ရွှေ
မန်နေးဂျင်းဒါရိုက်တာ
တော်ဝင်မေဟွားကုမ္ပဏီလီမိတက်
၏ ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

မီမီကျော်
B.com Q, C.P.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ရွှေဆည်ရောင်ခြည် ဆန်စပါးရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်
## Shwe Se Yaung Chi Rice and Paddy Trading Co., Ltd.
အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ရွှေဆည်ရောင်ခြည် ဆန်စပါးရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (Shwe Se Yaung Chi Rice and Paddy Trading Co., Ltd.)** အား (၂၁. ၁၁. ၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးမြတ်လွင်မိုး [B.com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၁၉) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Myint Wai
Managing Director
Shwe Se Yaung Chi Rice and Paddy Trading Co., Ltd.

MYAT LWIN MOE
B.com (Q), C.P.A
Certified Public Accountant
AUDITOR

## နတ်တလင်း ပဲမျိုးစုံရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်
## Nattalin Pulses And Beans Trading Co., Ltd.
အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **နတ်တလင်း ပဲမျိုးစုံရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (Nattalin Pulses And Beans Trading Co., Ltd.)** အား (၂၁. ၁၁. ၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးမြတ်လွင်မိုး [B.com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၁၉) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Min Lwin Si
Managing Director
Nattalin Pulses And Beans Trading Co., Ltd.

MYAT LWIN MOE
B.com (Q), C.P.A
Certified Public Accountant
AUDITOR

ပ၊ စ၊ လ - အမှတ် ၇၀၀/၁၃/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၂၈၆/၁၉-၁၂-၂၀၁၄။